www.burmeseclassic.com

# မုန်းရော့လားမောင်ရယ်

မိုးဝေ

အစွမ်းကုန် ဖွင့်စက်လျက်ရှိသည့် မျက်လုံးအစုံဖြင့် ချစ်သူ၏ မျက်နှာကို ခပ်တွေတွေ ငေးကြည့်နေမိရာက ညိုညိုသည် မတုန်မလှုပ် ရပ်နေလေသည်။ သူမ၏ ပြင်ပသဏ္ဌာန်ကား ကန်ရေပြင်ပမာ ငြိမ်သက်တည်ကြည်လျက်ရှိသည့်တိုင် ရင်တွင်းဝယ်မူ သူမ၏ စိတ်ဓာတ်တို့မှာ မုန်တိုင်းပြင်းထန်လျက်ရှိသည့် သမုဒ္ဒရာကဲ့သို့ လှုပ်ရှားလှိုင်းကြွ ဂယက်ထလျက် ရှိနေလေ၏။

"ကိုမြင့် ဘာပြောလိုက်တယ် ပြန်ပြောပါဦး"

မကြာသေးခင်ကမှ ကြားခဲ့ရသော ချစ်သူ၏ စကားတို့ကို မယုံကြည်နိုင်သေးသကဲ့သို့ ညိုညိုသည် ဒုတိယအကြိမ် ထပ်၍မေးလိုက်မိပြန်လေ၏။

မြင့်ဦးကတော့ သူမကို ဝင်းလက်နေသည့် မျက်လုံးအစုံဖြင့် ကြည့်နေရာက ပေါ့ပါးမြူးကြွသောအသံဖြင့် ရယ်လိုက်လေသည်။ မည်းနက်သော ဆံပင်အချို့တို့ ကျယ်ဝန်းသော နဖူးပြင်တွင် ဝဲကျလျက်ရှိကာ ထူထပ်သော မျက်ခုံး၊ ပေါ်လွင်တိုတုတ်သည့် နှာခေါင်း၊ အမြဲပြုံးနေသည်ဟုထင်ရသော နှုတ်ခမ်းဟို့ဖြင့် ကြည့်လို့ကောင်းလှသော သူ့မျက်နှာပေါ်တွင်ကား တစ်စုံတစ်ခုကို ကျေနပ်နှစ်သိမ့်လျက် ဝမ်းမြောက်ဝမ်းသာဖြစ်နေသော အရိပ်အယောင်တို့ ထင်ရှားစွာ ပေါ်လွင်လျက်ရှိနေလေ၏။

"အို ညိုကလည်းကွယ် ...ခုနက ပြောလိုက်တာကို ကြားရဲ့သားနဲ့ ထပ်မေးနေရပြန်ပြီ။ ကဲ... ကဲ နောက်ထပ် အစီရင်ခံပါ့မယ်တဲ့ဗျား။ ကိုမြင့်တို့ ကုမ္ပဏီက ကိုမြင့်ကို မန္တလေးကို လွှတ်မလို့တဲ့။ ဟိုက ကုမ္ပဏီဆိုင်ခွဲမှာ မန်နေဂျာအဖြစ်နဲ့ ကိုမြင့် သွားအုပ်စီးရမတဲ့။ မန်နေဂျာဆိုတော့ လခတိုးရတာပေါ့။ ကိုမြင့်တို့ မင်္ဂလာဆောင်နိုင်ပြီလေ။ ဘယ့်နှယ်လဲ ညို ဝမ်းမသာဘူးလားဟင်"

ညိုညိုသည် ခပ်သဲ့သဲ့ ပြုံးလိုက်လေသည်။ ဝမ်းမသာဘူးလားတဲ့။ အို– ဝမ်းတော့သာတာပေါ့။ ဒါပေမဲ့... ဟုတ်သည်၊ ဒါပေမဲ့တွေ ရှိနေပါသေးသည်။ ဒါပေမဲ့တွေ ရှိနေသေးလို့သာ သူမနှင့် မြင့်ဦး ချစ်ပန်းကို စိုက်ထူမိခဲ့ကြသည်မှာ လေးနှစ်ကျော်ခဲ့ပြီ ဖြစ်သော်လည်း ခုထက်ထိ မင်္ဂလာမဆောင်နိုင်ကြသေးခြင်း ဖြစ်လေသည်။ ခုတော့ မြင့်ဦးက သူ့လခ တိုးရပြီတဲ့...၊ မင်္ဂလာဆောင်ကြရအောင်တဲ့ ဝမ်းသာစရာပေါ့။ ဒါပေမဲ့... ဒါပေမဲ့တွေ ရှိနေပါသေးသည်။ သည်ဒါပေမဲ့တွေကား အခြားမဟုတ်။ သူ၏ အားကိုးရာမဲ့ မုဆိုးမိခင်နှင့် ဖတဆိုးညီမငယ်တို့ပင် ဖြစ်ကြလေသည်။ သည်ဒါပေမဲ့တွေကား သူမအတွက် ကြီးလေးသော တာဝန်များဖြစ်သဖြင့် ကြီးလေးသော ဒါပေမဲ့တွေပင် ဖြစ်ကြလေ၏။

သို့ကြောင့်လည်း သူအတော်မျှော်လင့်နေမိခဲ့သော "မင်္ဂလာဆောင်ကြရအောင်ညိုရယ်" ဟု မြင့်ဦးထံမှ စကားတို့ကို ယခုနားနှင့်ဆတ်ဆတ် ကြားရပြီဖြစ်သည့်တိုင် ညိုညိုတွင် မြင့်ဦးကဲ့သို့ အားရပါးရကြီး ဝမ်းမသာနိုင်သေးပေ။ မြင့်ဦးတွင်တော့ သူမကဲ့သို့ ဒါပေမဲ့တွေကို စဉ်းစားစရာမရှိသည့် လူလွတ်ယောက်ဖြစ်၍ သူတို့နှစ်ယောက်၏ ရည်မှန်းချက် ပြည့်စုံရတော့မည့်အရေးကို အတော်ပင် ဝမ်းသာအားရ ဖြစ်နေမိတော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညိုရယ် တွေးကြည့်စမ်း မန်နေဂျာတဲ့။ လခက ၂၅ဝိ၊ ကော်မရှင်လည်း ရဦးမယ်။ နောက်ပြီးတော့ ကိုမြင့်ရယ်၊ ညိုရယ် နှစ်ယောက်တည်း မန္တလေးမှာ အို ဘယ်လောက်များ ပျော်လိမ့်မလဲလို့"

သူတို့၏ ရှေ့လာမည့် ဘဝလမ်းခရီးကို ဝေဆာသော ရည်မှန်းချက်တို့ဖြင့် တန်ဆာဆင်လျက် မြင့်ဦးသည် ဝမ်းသာအားရကြီး ပြောနေမိလေသည်။ ဝေဆာသော ရည်မှန်းချက်အတိုင်း ပြည့်စုံဖြစ်မြောက်လာနိုင်စရာ လမ်းအခွင့်လည်း လက်ဆုပ်လက်ကိုင် ရှိနေပြီမို့ မြင့်ဦးသည် ခုထဲက ပင် သူတို့၏လာမည့်ဘဝကို မျှော်မှန်းပြီး ကျေနပ်နှစ်သိမ့်နေမိလေသည်။

"နေပါဦး ကိုမြင့်။ ညို့ဆိုင်ကိုတော့ ဘယ်သွားထားပါ့မလဲ။ ညို လေးနှစ်လုံးလုံး တကုန်းကုန်း ကြိုးစားပြီး ပြုစုပျိုးထောင်လာတဲ့ ညို့ဆိုင်ကလေးဟာ ခုမှ အမြတ်ပေါ်ကာစ ရှိသေးတယ်။ ညို မန္တလေးလိုက်ရလို့ရှိရင် ဒီဆိုင်ကလေးကို ဘယ်သူက ကြည့်ပါ့မလဲ"

မြင့်ဦး၏ ကြိုတင်မျှော်မှန်းထားသော ရည်မှန်းချက်တို့ကို ညိုညိုက ဤမေးခွန်းတွေဖြင့် ထိုးစစ်ဆင်လိုက်လေသည်။ အမှန်တော့လည်း သည်မေးခွန်းကို ညိုညို မေးသင့်ပါသည်။ စစ်ကြီးပြီးစက ရှိသမျှ လက်ဝတ်လက်စားတို့ကို ပေါင်နှံရောင်းချပြီး သိမ်ကြီးဈေးတွင် ဖွင့်လှစ်ထားခဲ့သော သူ၏ အထည်ဆိုင်ကလေးကား ညိုညိုအတွက် မြတ်နိုးခင်တွယ်စရာတစ်ခုပင် ဖြစ်လေသည်။ သည်ဆိုင်ကလေးကြောင့်သာ ဤလေးနှစ်လုံးလုံး သူတို့မိသားတစ်စု လူနှင့်သူနှင့်တူအောင် နေထိုင်စားသောက်နိုင်ခဲ့ခြင်း မဟုတ်ပါလော။ ဟုတ်သည်။ သည်ဆိုင်ကလေးနှင့်ပတ်သက်၍တော့ ညိုညိုမေးသင့်ပေသည်။

သူ့ကို ကြည်လင်သော မျက်လုံးအစုံဖြင့် ကြည့်နေသူ ညိုညိုအား ပြုံး၍ကြည့်ရာက မြင့်ဦးသည် သူမ၏ အိစက်သော ကိုယ်လုံးကလေးကို သိမ်းကျုံးဖက်လျက် ရင်ခွင်တွင် ပိုက်ထွေးထားလိုက်မိလေ၏။

"ညိုကလည်းကွယ်၊ ညို့ဆိုင်ကို တွေးပူနေစရာ မလိုတော့ပါဘူးကွဲ့။ ညိုဟာ ရှေ့ကျရင် အထည်ရောင်းဖို့ ဘာမှအကြောင်းမရှိတော့ဘူး။ ညိုကသာ မစ္စက်မြင့်ဦးအဖြစ်နဲ့ ညိုလိုချင်တဲ့ အထည်တွေကို မန္တလေးဈေးချိုက ဝယ်ရတော့မှာပါ"

မြင့်ဦး၏ အပြုံးကား သူ့ကိုယ်သူ စိတ်ချယုံကြည်သော အပြုံးဖြစ်လေသည်။ သူ့စကားကို ချစ်သူညိုညို ဘယ်နည်းနှင့်မဆို နားထောင်လိမ့်မည်ဟု သူယုံကြည်နေလေသည်။ သို့ပေမဲ့ ညိုညိုကတော့ သူ၏ရင်ခွင်ကြားမှ အသာအယာ ရုန်းထွက်လိုက်ကာ စိတ်ရှုပ်နေသော မျက်နှာထားကလေးနှင့် သူ့ကို မော်ကြည့်လိုက်လေသည်။

"ကိုမြင့်က ပြောတော့သိပ်လွယ်တာပဲနော်။ ညိုတစ်ယောက် အတွက်နဲ့ဆိုရင်တော့ ဘာအရေးကြီးလဲ။ ဒါပေမဲ့ ညို့မှာ ပြန်ကြည့်ရမယ့်လူတွေ ရှိသေးတယ်။ ကိုမြင့်နောက် ညိုလိုက်ခဲ့ရင် ညို့ဆိုင်ကလေးလည်း ပြုတ်သွားတော့မှာပဲ။ ဒီလိုဆိုရင် ညို့ကို အားကိုးနေတဲ့ မေမေနဲ့ ချိုချိုတို့ ဘယ်လိုလုပ်ကြရတော့မလဲ။ ခက်တယ်ကိုကို သိပ်ခက်တာပဲ"

စိတ်ညစ်သံကလေးနှင့် ညိုညိုက ပြောလိုက်သည့်တိုင် မြင့်ဦးတွင်တော့ အပြုံးမပျက်သေး။

"အို... အလွယ်ကလေးပါ ညိုရယ်။ ဒီအိမ်ဟာ ညို့မေမေတို့ အိမ်ပိုင်မဟုတ်လား။ အိမ်ကိုရောင်းလိုက်ပေါ့ ညို ရဲ့။ ခုဆိုရင် အိမ်ဈေး သိပ်ကောင်းနေတဲ့ဥစ္စာပဲ။ ရောင်းလို့ရတဲ့ငွေနဲ့ ညို့မေမေနဲ့ချိုချို ရန်ကုန်ထဲမှာ အိမ်တစ်လုံးရှာပြီး သုံးနှစ်လောက်တော့ အေးအေးဆေးဆေး စားနေနိုင်သေးတာပဲ။ ညို့ရဲ့အထည်ဆိုင်ကိုလည်း ချိုချိုက ညို့ကိုယ်စား ကြည့်လုပ်ရင် ဖြစ်နိုင်ပါတယ်"

အို... လွယ်လိုက်တာ... လွယ်လိုက်တာ။ သူပြောသလိုသာ သူမ၏ တာဝန်တွေကို လွယ်လွယ်နှင့် ဖယ်ထုတ်နိုင်ရင်တော့ အတိုင်းထက် အလွန်ပေါ့။ ညိုညိုသည် မြင့်ဦး၏ အပူအပင်မရှိသော မျက်နှာကို ကြည့်နေရာက စိတ်ထဲတွင် မချင့်မရဲ ဖြစ်လာမိတော့လေသည်။

"ကိုမြင့်က မဖြစ်နိုင်တာချည်းပဲ ပြောနေတယ်။ မေမေဟာ သူ့အိမ်ကလေးကို ဘယ်တော့မှ ရောင်းမှာမဟုတ်ဘူး။ ချိုချိုကလည်း ကောလိပ်မှာ အခုမှ စီနီယာအင်တာ ရောက်သေးတယ်ဆိုတာကို ကိုမြင့်လည်း အသိသားပဲ။ ကောလိပ်ကထွက်ပြီး သူဘယ့်နှယ်လုပ် အထည်ဆိုင်မှာ ထိုင်နိုင်ပါ့မလဲ"

ဒီတစ်ခါတွင်ကား မြင့်ဦး၏မျက်နှာမှာ ပြုံးမနေတော့ချေ။ သိသိသာသာကြီး ညိုနေပြီဖြစ်လေသည်။ နှုတ်ခမ်းကို အထက်သွားများဖြင့် ကိုက်ရာက မခံချိမခံသာမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ထားနှင့် ညိုညို့ကို သူကြည့်နေလေသည်။

"မဖြစ်နိုင်တာကိုချည်းပဲ ပြောနေတယ်...ဟုတ်လား။ ညိုဆိုလိုတာက ကိုမြင့်နဲ့ မန္တလေးကို မလိုက်နိုင်ဘူးပေါ့။ ကိုမြင့်နဲ့ မင်္ဂလာမဆောင်နိုင်ဘူးပေါ့။ ဟုတ်လား"

"အို ကိုမြင့်ကလည်းကွယ် ညိုစိတ်ညစ်လိုက်တာ။ ညို့တာဝန်တွေကိုလည်း ကိုမြင့်အသိသားနဲ့" ဟု ညိုညိုက စိတ်ညစ်သံကလေးနှင့် ပြန်ပြောလိုက်လျှင် မြင့်ဦးသည် သူ၏အမြဲပြုံးနေသော နှုတ်ခမ်းအစုံကို မဲ့လိုက်လေသည်။

"ညို့တာဝန်တွေ၊ ညို့တာဝန်တွေ၊ တစ်ခါလာလည်း ညို့တာဝန်တွေ။ ဒီတာဝန်တွေကြောင့်ပဲ ညို့ကို ကိုမြင့် လေးနှစ်ကျော်ကျော် စောင့်နေခဲ့ရပြီ။ ဒီ့ထက်ကြာအောင်တော့ မစောင့်နိုင်တော့ဘူး ညို"

ညိုညိုကား မြင့်ဦးက သူမကို လက်ဝါးကြီးနှင့် ပါးပြင်အား တအားလွှဲရိုက်လိုက်သကဲ့သို့ မျက်နှာကလေး ဖြူလျော်သွားလေ၏။ သူမကို မြင်ရသည့် မြင့်ဦးတွင် ပြောမိသည့်စကားကို နောင်တရမိကာ ကပျာကယာ ညို၏ ကိုယ်လုံးကလေးကို ယုယုယယ ဆွဲပွေ့လိုက်မိပြန်လေသည်။ သူမ၏ ပါးပြင်နုနုကလေးကိုလည်း ယုယုယယ ညင်ညင်သာသာ မွှေးလိုက်မိလေသည်။

"ညို... ညို... ညို့ကို ကိုမြင့် ဘယ်လောက်ချစ်တယ်ဆိုတာကို ညိုလည်းအသိသားပဲကွယ်။ တခြားယောကျ်ားတွေဆို ကိုမြင့်လို ဇွဲကောင်းကောင်းနဲ့ လေးနှစ်မစောင့်နိုင်ပါဘူး။ ညို့အလိုကို ကိုမြင့် ဒီလောက်လိုက်ခဲ့ရင် ကျေနပ်ပါတော့ကွယ်။ လေးနှစ်ဆိုတဲ့ အချိန်တွေဟာ တွေးကြည့်ရင် ဘယ်လောက်နှမြောစရာ ကောင်းသလဲ။ ခု အခွင့်သာတဲ့အခါမှာ ဘာကိုမှ ငဲ့မနေဘဲ ကိုမြင့်နဲ့ မင်္ဂလာဆောင်ပြီး မန္တလေးကိုသာ လိုက်ခဲ့ပါတော့ကွယ်"

တောင်းတောင်းပန်ပန်အသံနှင့် အသနားခံနေသော ချစ်သူအား ညိုညို့တွင် ကရုဏာမသက်ဘဲ မနေနိုင်တော့ပေ။ တကယ်တော့ သူပြောသည်မှာလည်း မှန်လှပေသည်။ လေးနှစ်... လေးနှစ်။ အချိန်တွေ မနည်းလှတော့ပါကလား။ သူမ၏မိခင်နှင့် ချိုချို့ကိုသာ ငဲ့ကွက်မနေရလျှင် ခုလောက်ရှိ သူတို့မှာ မင်္ဂလာဆောင်ပြီးကြ၍ ကလေးတောင် ရနေကြပေတော့မည်။

"ညိုဟာ ညို့မေမေနဲ့ ချိုချိုကို အသက် ၁၈ နှစ်အရွယ်ကတည်းကစပြီး လုပ်ကျွေးခဲ့တယ်" ဟု မြင့်ဦးက စကားဆက်ပြန်လေသည်။ "ခု လေးနှစ် ရှိခဲ့ပြီ။ ရှင်းရှင်းပြောရရင် ဒီလေးနှစ်လုံးလုံး ညိုညိုဟာ သူတို့အတွက်သာ အသက်ရှင်ခဲ့တယ်။ ချိုချို ကောလိပ်မှာ နေနိုင်ဖို့၊ ညို့မေမေ အလုပ်မလုပ်ဘဲ အားတိုင်းအားတိုင်း အသိအိမ်တွေ လျှောက်လည်၊ အပျင်းပြေဆိုပြီး ဖဲရိုက်နိုင်ဖို့သာ ညိုအသက်ရှင်နေရတာပဲ"

"အို... ကိုမြင့် ဘယ့်နှယ်ပြောလိုက်တာလဲ" ဟု ညိုညိုက သဘောမကျသံကလေးနှင့် ဟန့်လိုက်သည့်တိုင် မြင့်ဦးက ရတ်တရက် စကားဆက်ပြောပြန်လေသည်။ အမှန်တော့ သူသည် တာဝန်သိတတ်လှသော ချစ်သူအတွက် အတော်ပင် မခံချိမခံသာ ဖြစ်နေမိလေ၏။

"အို... ကိုမြင့်က မှန်တာပြောတာညိုရဲ့။ ညို သူတို့အတွက် ဒီလောက် ဝတ္တရားကျေပွန်ရင် တော်ရောပေါ့ကွယ်။ သူတို့တာဝန်တွေကို သူတို့ဘာသာ တစ်လှည့်ထမ်းပါစေဦး။ ညိုကသာ တစ်သက်လုံး တာဝန်ယူနေတော့မှာလား။ ညို့ဘဝကို ညို့စိတ်တိုင်းကျ နေဖို့များ စဉ်းစားစမ်းပါဦး"

မြင့်ဦးက စိတ်ပါလက်ပါ ပြောနေသည်နှင့်အမျှ ညိုညိုလည်း ခပ်တွေတွေကလေး နားထောင်နေမိရာက ဝေခွဲ၍ မရအောင်ပင် စိတ်ရှုပ်ထွေးလျက် ရှိနေမိတော့လေသည်။ တစ်ဖက်က ချစ်သူ၏ စကားများမှာ နည်းလမ်းကျလှသလောက် တစ်ဖက်မှ သူမ၏မိခင်နှင့် ညီမတို့၏ တာဝန်တို့မှာလည်း သူမအတွက် စွန့်မပစ်ရက်နိုင်အောင်ပင် ကြီးလေးလျက် ရှိနေလေ၏။ သူမ၏ မိခင်နှင့် ညီမငယ်တို့ကား သူမကိုသာလျှင် အားကိုးနေရလေသည်။ ဖခင်ဖြစ်သူ ကွယ်လွန်သွားခဲ့သည့်နောက် ဖခင်၏နေရာကို သူမက မတွန့်မဆုတ် ဝင်ယူခဲ့သည်ဖြစ်လေရာ ယခုချစ်သူအလိုကိုလိုက်လျက် ထိုနေရာမှ ထွက်ပြေးဖို့မှာ ပြောဖို့လွယ်လှသလောက် လုပ်ဖို့ရာ ခဲယဉ်းနေလေ၏။ "ကဲ မေမေနဲ့ ချိုချို ... ညိုတော့ လင်ယူတော့မယ်။ ဒီတော့ ညို မေမေတို့ တာဝန်ကို ဆက်ပြီးမယူနိုင်တော့ဘူး။ မေမေတို့ ဘာသာဆက်ပြီး ဖြစ်သလို စခန်းသွားပေတော့" ဟု သူပြောရက်ပါမည်လော။ ပြောနိုင်ပါမည်လော။

"ဘယ့်နှယ်လဲ ညို ...ကိုမြင့်ပြောတာကို နားထောင်မယ်မဟုတ်လား" ဟု မြင့်ဦးက မျှော်လင့်ချက်ကြီးစွာဖြင့် မေးလိုက်သံသည် ညိုညို့ဦးနှောက်အား ဆူဝေလာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တော့၏။

"ခက်တာပဲ ကိုမြင့်ရယ်။ ညို သူတို့ကို ဖြစ်သလို ထားခဲ့ပြီး ကိုမြင့်နဲ့ မန္တလေးကို လိုက်ခဲ့လို့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးထင်တယ်။ ကိုမြင့်တစ်ယောက်တည်းသာ သွားပါလား... ဟင်။ ညိုစောင့်နေပါ့မယ်ကွယ်။ တစ်နေ့နေ့ကျတော့ တစ်ခုခု ဖြစ်လာမှာပါပဲ။ ဒီတော့မှ ညို ကိုမြင့်နောက်ကို လိုက်လာပါ့မယ်။ ချိုချိုလည်း နောက်နှစ်နှစ်လောက်ကျရင် ဘီအေအောင်တော့မှာပဲ။ ဒီတော့ သူ အလုပ်တစ်ခုခုရရင် မေမေ့တာဝန်တချို့ ယူနိုင်မှာပါပဲ"

ညိုညို၏ စကားဆုံးသွားသည်နှင့်တစ်ပြိုင်နက် မြင့်ဦး၏ မျက်နှာမှာ အိုသွားတော့ကာ ညိုညို၏ ခါးကလေးကို ရစ်သိုင်းထားသော လက်နှစ်ဖက်မှာလည်း ပျော့ကျသွားတော့လေသည်။ သူ၏ အရောင်တလဲ့လဲ့ ထွက်နေတတ်သော မျက်လုံးအစုံမှာလည်း အေးစက်မာကျောသွားရာက နှုတ်ခမ်းကို တွန့်လျက် ညိုညို့ကို တွေတွေကြီး စူးစိုက်ကြည့်နေလေ၏။

"ဘာလဲ ညို ...ကိုမြင့်ကို နောက်ထပ်စောင့်ဖို့ ပြောနေပြန်ပြီလား" ဟု စိတ်ပျက်ငြီးငွေ့သောအသံနှင့် မေးလိုက်လေသည်။ "ကိုမြင့်စောင့်ရတာကို ညို ခုထက်ထိ အားမရသေးဘူးလားဟင်။ ဒီလိုသာ စောင့်ပြီးရင်းစောင့်ရတော့မယ်ဆိုရင်ဖြင့် ကိုမြင့်နဲ့ ညိုညိုတို့ဟာ ဘယ်တော့မှ နီးတော့မှာ မဟုတ်ဘူး"

"နောက်နှစ်နှစ်တည်း ချိုချိုဘီအေအောင်တဲ့အထိသာ စောင့်ပါတော့ ကိုမြင့်ရယ်"

ညိုညိုက တောင်းပန်သံကလေးနှင့် အသနားခံလိုက်သော်လည်း မြင့်ဦးသည် လှောင်သံနှင့် ရယ်လိုက်လေသည်။

"နောက် နှစ်နှစ်ဟုတ်လား ညို။ ချိုချိုဘီအေအောင်တော့ ညို့တာဝန်တွေကိုသူက ပြောင်းယူမယ်များ ထင်သလား။ ညိုဟာ ချိုချို့အကြောင်းကို မသိသေးပါဘူး။ ချိုချိုဟာ ညို့လို တာဝန်ယူတတ်တဲ့ မိန်းမမဟုတ်ဘူး။ သူ့တာဝန်ကို ထမ်းမဲ့လူကိုသာ ဘီအေအောင်အောင်ချင်း ကောက်ယူလိုက်မှာ"

ပြောရာက မြင့်ဦးသည် ညိုညို၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်လေသည်။ "ညို ...ကိုမြင့် နောက်ဆုံးစကားပြောမယ်။ ညို ကိုမြင့်ကို တကယ်နှစ်နှစ်ကာကာ ချစ်လို့ရှိရင် ဘာကိုမှ ငဲ့မနေဘဲ ကိုမြင့်ကို လက်ထပ်ပြီး မန္တလေးကို လိုက်ခဲ့ပေတော့။ ဒါပဲ နောက်ထပ် ကိုမြင့်မစောင့်နိုင်တော့ဘူး"

သူပြောမှပြောရက်ပလေ။ သူ့ကို နှစ်နှစ်ကာကာ ချစ်ရင်တဲ့။ ဒါလောက်ဆိုရင်တော့ သိဖို့ကောင်းပါပြီ။ ညိုညိုသည် ရီဝေသော မျက်လုံးအစုံဖြင့် ချစ်သူ့မျက်နှာကို စူးစိုက်ကြည့်မိလေသည်။

"ကိုမြင့် ...ဒါကို ပြောဖို့မလိုပါဘူးကွယ်။ ညို ကိုမြင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုမြင့်လည်း အသိသားပဲ"

"ဒီလိုဆိုရင် ဘာမှစဉ်းစားမနေနဲ့ ကိုမြင့်နောက်ကိုသာ လိုက်ခဲ့ပေတော့"

"ခက်တယ် ကိုမြင့်ပြောတာ သိပ်လွယ်တာပဲနော်"

မြင့်ဦးသည် အံကြိတ်လိုက်ရာက ညိုညိုရှေ့တွင် မျက်နှာချင်းဆိုင်ရပ်နေရာမှ ချာခနဲ လှည့်လိုက်ကာ ပြူတင်းပေါက်ဆီသို့ လျှောက်သွားပြီး သူမကို ကျောပေးလျက် ခပ်ငိုင်ငိုင်ကြီး ရပ်နေလေ၏။

"ကိုမြင့် သိပါပြီကွယ်။ ကိုမြင့်နဲ့ ညိုဟာ ဘယ်တော့မှ နီးရတော့မှာ မဟုတ်ပါဘူး။ ညိုဟာ ညို့မေမေနဲ့ ညီမလောက် ကိုမြင့်ကို ချစ်တာမှ မဟုတ်တာ။ ခုလိုသိရတာလည်း ကောင်းပါတယ်လေ။ စောစောစီးစီး ရပ်တန်းကရပ်ပစ်လိုက်ကြပါစို့"

မြင့်ဦး၏ စကားများသည် ညို့အသည်းထဲသို့ သံစူးကြီး ထိုးသွင်းလိုက်သကဲ့သို့ပင် နာကြည်းသွားစေလေသည်။ ရပ်တန်းက ရပ်ပစ်လိုက်ကြပါစို့တဲ့။ ရက်စက်လိုက်တဲ့ ကိုမြင့်၊ ပစ်ပစ်ခါခါ ပြောရက်တဲ့ ကိုမြင့်။

မြင့်ဦး၏ တောင့်တင်းသော ကျောပြင်ကြီးကို ကြည့်ရာက ညိုညိုသည် မျက်ရည်များ စို့တက်လာမိတော့လေ၏။

* * *

"အလို ရွှေမျက်နှာတော်ညိုပြီး ဘာများအလိုမကျဖြစ်နေကြတာလဲ"

ပြောင်ချော်ချော် မေးခွန်းသံကလေးနှင့်အတူ သူတို့နှစ်ယောက် ရှိနေသည့် အခန်းတွင်းသို့ ဝင်လာသူကား ချိုချို ဖြစ်လေသည်။ မြင့်ဦးနှင့် ညိုညိုတို့သည် သူမထက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ချာခနဲ လှည့်ကြည့်လိုက်ကြလေ၏။

ချိုချို...ချိုချို ကောလိပ်ကျောင်းသူ ချိုချို။ အစ်မ၏ လုပ်စာဖြင့် ခေတ်ပညာကို သင်နေသူ ချိုချို။ ညိုညို ယဉ်သလောက် သူမက လှလေသည်။ ညိုညို ဣန္ဒြေရသလောက် သူမက ရွှင်မြူးလှလေသည်။ သူမ၏ မျက်လုံးများကား အစဉ်သဖြင့် လူတစ်ဖက်သားကို ပြောင်လှောင်နေတတ်သည်။ သူမ၏ နှုတ်ခမ်းကလေးများမှာလည်း နီထွေးထွေးနှင့် ယောကျာ်းတို့ကို ဖိတ်ခေါ်နေရှာသလားဟု ထင်ရလေသည်။

"ဘာဖြစ်နေကြတာလဲ မမ... ကိုကိုမြင့် ဘာစိတ်ကောက်နေတာလဲ ဟင်... မျက်နှာကြီးက ပုပ်လို့"

အစ်မဖြစ်သူနှင့် ခဲအိုလောင်းတို့၏ အမူအရာကို အကဲခတ်ရာက အကင်းပါးသော ချိုချိုက မေးလိုက်ခြင်းဖြစ်လေသည်။ သူမ၏ မေးခွန်းကို မြင့်ဦးက မည်သို့မျှ ပြန်၍မဖြေ။ မျက်မှောင်ကြီး ကြုတ်လျက် ရန်သူပမာ သူမကိုသာ လှမ်းကြည့်လိုက်လေသည်။ ညိုညိုကသာ သူ၏ မျက်နှာထားကို ပြင်ရာက...

"အို ချိုချိုကလည်း ကိုယ်နဲ့မဆိုင်ရာမှာ ဝင်စပ်စုချင်ရန်ကော။ ဘာမှမဖြစ်ပါဘူး" ဟု အပြစ်တင်သံနှင့် ပြောလိုက်လေ၏။

ဤတွင်မှ မြင့်ဦးထံမှ အသံထွက်လာတော့လေသည်။ ပြူတင်းပေါက်တွင် ရပ်နေရာက သူသည် အခန်းတွင်းသို့ ပြန်လျှောက်လာကာ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး "ချိုချိုနဲ့ ဘာလို့မဆိုင်ရမှာလဲ ဆိုင်တာပေါ့" ဟု လှမ်းပြောလိုက်လေသည်။

"အို... ချိုချိုနဲ့ဆိုင်တယ် ဟုတ်လား။ ဘာများလဲ ကိုကိုမြင့်။ ပြောစမ်းပါဦး"

ချိုချိုက အံ့အားသင့် စိတ်ဝင်စားလာသည့် အမူအရာဖြင့် မေးလိုက်လျှင် မြင့်ဦးက ခပ်တွေတွေကလေး ထိုင်နေသော ညိုညို့အား မေးငေါ့ပြလိုက်လေ၏။

"ချိုချို့အစ်မကတော်က ကိုမြင့်ကို မယူနိုင်တော့ဘူးတဲ့"

"အလို ဘာဖြစ်လို့လဲ"

သေးသွယ် ကော့ပျံနေသော မျက်ခုံးများကိုပင့်လိုက်ရာက ချိုချိုသည် အံ့အားသင့်သွားသဖြင့် မေးလိုက်လေသည်။

"ကိုမြင့်တို့ ကုမ္ပဏီက ကိုမြင့်ကို မန်နေဂျာအဖြစ်နဲ့ မန္တလေးလွှတ်တယ်။ အဲဒါ ညိုညိုက ကိုမြင့်နဲ့ မလိုက်နိုင်ဘူးတဲ့။ သူလိုက်ရင် ချိုချိုတို့သားအမိကို သောင်ပြင်မှာ ပစ်ထားခဲ့သလို ဖြစ်နေမတဲ့။ သူက ချိုချိုတို့ကို ကိုမြင့်ထက် ပိုချစ်တယ်ကွဲ့"

ဤတွင် ညိုညိုသည် ချစ်သူအား အပြစ်တင်သော မျက်လုံးအစုံဖြင့် လှမ်းကြည့်လိုက်လေသည်။ ပြောပြန်ပြီ ဒီစကား။ ညို့ကို တမင်သက်သက် ညှင်းဆဲနေတာလား ကိုမြင့်ရယ်။ ချိုချိုကမူ သူမအား ပြောင်ချော်ချော် အမူအရာဖြင့် လှမ်းကြည့်လိုက်လေသည်။

"ဩော်... မမက ချိုချိုတို့ကို ဒီလောက်တောင် ချစ်ပေသကိုး။ ကျေးဇူးတင်ရမှာလား မမရယ်" ဟု ပြောင်ချော်ချော်အသံနှင့် ပြောလိုက်ရာက သူမသည် မြင့်ဦးဘက်သို့ လှည့်ကာ စကားဆက်ပြန်လေသည်။

"ချိုချို ရှင်းရှင်းပြောရမယ်ဆိုရင်တော့ မမလောက် အတဲ့မိန်းမ လောကမှာ မရှိဘူး။ ကိုကိုမြင့်လို လူချောလူခန့်ကြီးတစ်ယောက်ကို ချိုချိုတို့အတွက် ဖယ်ထုတ်လိုက်တယ်ဆိုတာ အတော့်ကို အံ့သြစရာကောင်းတယ်"

"ချိုချို ညည်းစကားပြောတာ ကြည့်ပြောနော်။ ညည်းနောက်စရာမဟုတ်ဘူး" ညိုညိုသည် စိတ်တိုစွာ ခပ်ဆတ်ဆတ် လှမ်းအော်လိုက်မိလေသည်။ သို့တစေလည်း ချိုချိုကား အပြုံးမပျက်ဘဲ ဂရုမစိုက်သည့် အမူအရာဖြင့် သူ့အစ်မအား မျက်လုံးဝိုင်းကလေးနှင့် လှမ်းကြည့်လိုက်လေသည်။

"အို... မမကလည်း ချိုချိုနောက်နေတာမှ မဟုတ်တာ။ အတည်ပြောနေတဲ့ ဥစ္စာပဲ။ ချိုချို့စိတ်နဲ့ မမစိတ်တော့ ဘယ်တူမလဲလေ။ မမကတော့ တာဝန်ဝတ္တရားကို သိပ်သိတတ်တဲ့ မိန်းမလိမ္မာကလေးပဲ။ ချိုချိုကတော့ ရှင်းရှင်းပြောရရင် ချိုချိုကောင်းဖို့လောက်သာ အရင်ဆုံး ဂရုစိုက်မှာပဲ"

မခိုးမခန့်အမူအရာနှင့် ပြောနေသူ ချိုချိုအား ကြည့်နေရာက မြင့်ဦးစိတ်ထဲတွင် ကျိတ်၍သဘောကျနေမိလေသည်။ ချိုချိုမှာ သူပြောသလိုပင် တကယ့်စိတ်ထား ရှိသူကလေးဟု သူစိတ်ချယုံကြည်မိလေသည်။ သို့နှင့်လည်း မြင့်ဦးတွင် သူမအား တစ်ကိုယ်ကောင်းကြံလိုစိတ် ရှိရမလားဟု အပြစ်မတင် အထင်မသေးမိ။ ညိုညိုသာ ချိုချိုတို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်မျိုးရှိရင် ဘယ်လောက်ဟန်ကျလိမ့်မလဲဟု သူကျိတ်၍ တွေးနေမိလေ၏။

ချိုချိုကား သူ့အစ်မ၏ ငိုမလိုမျက်နှာထားကို ကြည့်ရာက ကရုဏာသက်သွားဟန် တူလေသည်။

"ကဲ... မမ ချိုချိုအတွက်နဲ့တော့ ကိုမြင့်ကို ပစ်မယ် မကြံပါနဲ့။ ချိုချိုလည်း ကောလိပ်မှာ ဆက်မနေချင်တော့ပါဘူး။ ကောလိပ်က ထွက်ဖို့ရာ အဆင်သင့်ပါပဲ"

မြင့်ဦးတွင်တော့ ထခုန်ချင်လောက်အောင် ၀မ်းသာသွားမိလေ၏။ ဒီလိုသာဆိုရင်ဖြင့် သူနှင့် ညိုညိုတို့၏ အချစ်လမ်းခရီးကား ဆူးငြောင့်မရှိ ဖြောင့်တန်းလျက်ရှိနေပေပြီ။ ချိုချို ကျောင်းက ထွက်မည်ဆိုလျှင် ညိုညိုသည် သူမ၏တာ၀န်များကို ချိုချိုအား လွှဲပေးလိုက်ရုံသာ ရှိတော့သည်။

"အို... ချိုချို ညည်း ဘယ့်နှယ်ပြောလိုက်တာလဲ။ ညည်းကို ဘီအေအောင်စေချင်လွန်းလို့ ငါက ဒီလောက်ကြိုးကြိုးစားစား ခါးကုန်းအောင်လုပ်ပြီး ကောလိပ်ကို ပို့ခဲ့တာ။ ဘာလို့ ထွက်ရမှာလဲ မထွက်ရပါဘူး"

ညိုညိုက မျက်မှောင်ကုတ်လျက် ကန့်ကွက်စကားကို ပြောလိုက်သည့်အခါတွင်မူကား ချိုချို့စကားကို ကြား၍ ၀မ်းသာနေမိသော မြင့်ဦးမှာ ရင်ထဲတွင် နင့်ခနဲဖြစ်သွားမိတော့လေသည်။ ကြည့်စမ်းပါဦး။ ချိုချိုက သူတို့နှစ်ယောက် နီးရဖို့လမ်းကို တမင်ဖွင့်ပေးနေလျက်နှင့် ညိုညိုသည် တကူးတက လမ်းကို ပြန်ပိတ်နေလေသည်။ အို... သူထင်တဲ့အတိုင်း ဟုတ်ပါပြီ။ ညိုညိုကား သူ့ကို သူ၏ သွေးချင်းသားချင်းတွေလောက် မချစ်ပါ။ သူ့အတွက် သူ့ညီမ ဘီအေအောင်ဖို့က သူ၏ချစ်သူအလိုလိုက်ဖို့ထက် အရေးကြီးနေလေသည် မဟုတ်ပါလော။

တွေးရင်းတွေးရင်းက မြင့်ဦးသည် အတော်ပင် မခံချိမခံသာဖြစ်လာမိလေ၏။ ညိုညို့ကို သူသည် တကယ့်ကို နှစ်နှစ်ကာကာကြီး ချစ်နေမိသည်။ ချစ်လို့သာ ညိုညို့အား သူ့ကြင်ယာဇနီးအဖြစ်နှင့် သိမ်းပိုက်ဖို့ကို လေးနှစ်ကျော်ကျော်မျှ စောင့်စားနေနိုင်ခဲ့ခြင်း ဖြစ်လေသည်။ သို့တစေလည်း ယခု ညိုညိုသည် သူချစ်သလို သူ့ကိုပြန်မချစ်ဟု တွေးမိသည့်အခါတွင်မူကား သူ၏ ယောကျ်ားမာနဂုဏ်ကို အတော်ထိခိုက်သွားတော့လေသည်။ ညိုညိုသည် သူ့အား သူတစ်သက်လုံး မရမချင်း စောင့်နေနိုင်မယ်လို့များ ထင်နေရော့သလားဟု မခံချိမခံသာဖြစ်လျက် စိတ်နာသလိုလိုနှင့် ဒေါသလည်း ထွက်လာမိတော့လေ၏။

ချိုချိုတွင်လည်း အစ်မဖြစ်သူအား အံ့အားသင့်စွာ လှမ်းကြည့်မိလေသည်။ ကြည့်စမ်းပါဦး။ သူက ညိုညိုနှင့် မြင့်ဦးတို့အလိုကျ ဖြစ်လာနိုင်အောင် တမင်သက်သက် လမ်းအခွင့်ဖွင့်ပေးနေလျက်နှင့် ညိုညိုသည် ထိုလမ်းအခွင့်ကို ငြင်းပယ်လျက်ရှိနေလေသည်။ ဘယ်လိုသဘောပါလိမ့်။ သူသာ ညိုညိုဆိုလျှင်တော့ ၀မ်းသာအားရကျေးဇူးတင်လှစွာနှင့် အခွင့်ကောင်းကို လက်ဆုပ်လက်ကိုင် ဖမ်းယူလိုက်မိမည်သာ ဖြစ်လေသည်။ အင်း... ကိုမြင့်ဦး ပြောသလိုပဲ ညိုညိုဟာ ကိုမြင့်ဦးကို သူ့ညီမနဲ့ မိခင်လောက် မချစ်လို့သာ ဖြစ်မှာပဲ။ ချိုချိုသည် သူမ၏ စိတ်အရင်းခံနှင့် ညိုညို၏ သဘောထားကို နှိုင်းယှဉ်ကာ သည်လိုတွေးလိုက်မိလေသည်။ တွေးလိုက်မိရာကလည်း မြင့်ဦးကို အတော်သနားသွားမိလေ၏။

ချိုချိုသည် အစ်မဖြစ်သူအား လှမ်းကြည့်လိုက်ရာက ပခုံးကလေးနှစ်ဖက်ကို တွန့်ပြလိုက်လေသည်။

"ဒီလိုဆိုလည်း ကောင်းပြီလေ။ မမသဘောအတိုင်းပေါ့။ ချိုချိုအတွက်တော့ ကောလိပ်မှာ နေရနေရ မနေရဘဲ မမကိုယ်စား ဆိုင်မှာပဲထိုင်ရထိုင်ရ မထူးပါဘူး။ ဒါပေမဲ့ ချိုချိုသာ မမဆိုရင်တော့ ဒီလိုအခွင့်သာနေတုန်း ဘယ်သူ့ကိုမှ မငဲ့ဘဲ ကိုမြင့်နောက် ကောက်ကောက်ပါအောင်လိုက်သွားမိမှာပဲဆရာ"

ချိုချို၏ နောက်ဆုံးပိတ် စကားပိုဒ်သည် မြင့်ဦးအား ရင်ဒိတ်ခနဲ ဖြစ်သွားစေလေ၏။ တဖြည်းဖြည်း အရောင်လက်လာသည့် မျက်လုံးအစုံဖြင့် ကုလားထိုင်ပေါ်တွင် ခပ်နွဲ့နွဲ့ထိုင်နေသူ ချိုချိုအား သူ စူးစိုက်၍ ကြည့်မိလေသည်။ ထို့နောက် သူ ထိုင်ရာမှ ထလိုက်ကာ ချိုချို့ရှေ့သို့ လျှောက်သွားပြီး သူမ၏ ပန်းပွင့်ကလေးကဲ့သို့ စိုလန်းနေသော မျက်နှာကလေးကို ငုံ့ကြည့်လိုက်လေသည်။

"ချိုချို..."

"ဘာလဲ ကိုကိုမြင့်"

"ခုနက ချိုချိုပြောလိုက်တာ တကယ်ပဲလား။ ကိုကိုမြင့်က ချိုချို့ကို ကိုကိုမြင့်ရဲ့ ဇနီးအဖြစ်နဲ့ မန္တလေးကို လိုက်ခဲ့ပါလို့ခေါ်ရင် ချိုချို ဘယ်သူ့ကိုမှ ငဲ့မနေဘဲ တစ်ခါတည်း လိုက်ခဲ့မလား"

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ညိုညို၏ ရင်ထဲတွင် ဒိတ်ခနဲ အလုံးကြီးတစ်လုံး ဝင်ဆောင့်သွားတော့လေသည်။ အံ့အားလည်းသင့်၊ စိုးရိမ်ခြင်းလည်း မကင်းသည့် မျက်လုံးအစုံဖြင့် သူမသည် ချစ်သူနှင့် ညီမဖြစ်သူတို့အား ငေးကြည့်နေမိလေ၏။ ချိုချိုကတော့ စိန်ပွင့်များကဲ့သို့ အရောင်လက်လာသည့် မျက်လုံးအစုံဖြင့် သူ့ကိုငုံ့ကြည့်နေသော မြင့်ဦးအား မော်ကြည့်လိုက်လေသည်။

"အို... တကယ့်ကို လိုက်ခဲ့မှာပေါ့" ဟု မြင့်ဦး၏ မေးခွန်းကို ပြန်ဖြေလိုက်ပြီးနောက်... "နို့ ကိုမြင့်ကကော ချိုချို့ကို အတည်ပေါက်မေးနေတာလားဟင်" ဟု ညို့ဓာတ်ပါသော အသံကလေးနှင့် တစ်ဆက်တည်းပြန်မေးလိုက်လေသည်။ ဤတွင် မြင့်ဦးက နှုတ်ခမ်းကို တွန့်လျက် ပြုံးလိုက်လေသည်။

"အင်း... အတည်ပေါက် မေးနေတာပဲ ဖြစ်နိုင်တာပဲ။ ကဲ... ဒီကိစ္စကို ကိုကိုမြင့်တို့နှစ်ယောက်တည်း ဆက်ပြီး ဆွေးနွေးကြစို့။ ချိုချို အဝတ်သွားလဲချေ။ 'ဆန်းကဖေး' မှာ ကိုမြင့်က ဒင်နာပေးမယ်"

"အို... ကိုကိုမြင့် တကယ်နော်"

ဝမ်းသာအားရအသံနှင့် မေးလိုက်ရာက ချိုချိုသည် ခုန်ထလိုက်လေသည်။ မြင့်ဦးက ခေါင်းညိတ်ပြလိုက်လျှင်မှ "ဒီလိုဆိုရင် ငါးမိနစ်လောက် စောင့်လိုက်ဦးနော်" ဟု ပြောရာက ချိုချိုသည် အခန်းထဲမှ သွက်လက်ပေါ့ပါးစွာ ထွက်သွားလေ၏။

ဤတွင်မှ မြင့်ဦးသည် ကုလားထိုင်ပေါ်တွင် ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ထိုင်နေသော ညိုညိုအား လှမ်းကြည့်လိုက်လေသည်။ သို့သော်လည်း သူ့မျက်လုံးအစုံကား ခါတိုင်းကဲ့သို့ ချစ်ရောင်သမ်းပြီး နူးညံ့ရွှန်းမြလျက်မရှိတော့။ အေးစက်စက်သာ ဖြစ်နေတော့လေရာ ညိုညိုတွင် သူမ၏အသည်း အက်ကွဲသွားသကဲ့သို့ ရင်နင့်သွားမိတော့လေသည်။

အို... သူမလုပ်ရက်ပါဘူး။ စိတ်ပါလို့ လုပ်တာမဟုတ်ပါဘူး။ သူ ငါ့ကို စိတ်ကောက်နေလို့သာ ငါမခံချင်အောင် လုပ်နေတာဖြစ်မှာပါပဲ။ ညိုညိုသည် လက်သီးကလေး နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်လိုက်မိလေသည်။

"ကိုမြင့်" ဟု အသံတုန်ကလေးနှင့် ခေါ်လိုက်မိလေသည်။

"ဘာလဲ... ညို"

"ညို တစ်ခုသတိပေးမယ်နော်။ ကိုမြင့်ကတော့ ညို့ကို စိတ်ကောက်နေလို့ ဒီလိုလုပ်နေတာပဲ။ ဒါပေမဲ့ ကောင်မကလေးက ငယ်ငယ်ရွယ်ရွယ်မို့ ကိုမြင့်ပြောတာတွေကို တကယ်လို့ ထင်နေမှာ"

"အို... တကယ်လို့ ထင်ပါစေလို့ ကိုမြင့်ကလည်း မျှော်လင့်နေတာပဲ။ ကိုမြင့်ပြောတာတွေလည်း တကယ်ပြောနေတဲ့ဉစ္စာပဲ။ ချိုချိုလည်း မခေပါဘူး ညို။ လူတစ်ယောက်ဟာ တစ်ခါတလေ သူလိုချင်တာမရရင် ရရာကို ယူမှာပဲ။ တစ်ခါတလေ ကိုယ်ရတာက ကိုယ်လိုချင်တာထက် သာနေတတ်တယ် ညိုရဲ့"

မြင့်ဦးက တည်ငြိမ်သောအသံဖြင့် ညိုညို၏ သတိပေးချက်ကို ပြန်ဖြေလိုက်ပြီးနောက် စီးကရက်တစ်လိပ်ကို ပါးစပ်တွင် တပ်လိုက်ကာ အေးအေးဆေးဆေး အမူအရာဖြင့် မီးညှိဖွာရှိုက်နေလေ၏။ ထို့နောက်... တလူလူတက်သွားသော မီးခိုးငွေ့များအကြားမှ ညိုညိုကို မာကျောသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်နေလေသည်။

ညို့ညို့ရင်ထဲတွင်ကား သူ၏ အသည်းကလီစာ အစိုင်ကို တစ်စုံတစ်ယောက် ယူသွားဘိသည့်အလား ဟာတာတာကြီး ဖြစ်သွားတော့လေသည်။ မြင့်ဦးအားလည်း မယုံကြည်နိုင်သည့် မျက်လုံးအစုံဖြင့် ငေးကြည့်နေမိလေ၏။

အို... ကြည့်စမ်း သူတကယ့်ကို စိတ်ပါလို့ လုပ်နေတာကိုး။ ငါ့ကိုတော့ ပြောလိုက်တာ။ သူကိုယ်တိုင်ကတော့ အစ်မထံကအချစ်ကို ညီမထံကို ပြောင်းပစ်ဖို့လွယ်လိုက်တာ။ ဒါလား နှစ်နှစ်ကာကာ ချစ်တဲ့လူ။ တစိမ့်စိမ့်တွေးရာက ညိုညိုသည် တသိမ့်သိမ့် ဝမ်းနည်းလာမိပြီး ဒေါသမီးခဲကလေးလည်း တောက်လောင်လာမိတော့လေ၏။

သို့ကြောင့် သူမသည် နီမြန်းသော မျက်နှာကလေးဖြင့် မြင့်ဦးအား လှမ်းကြည့်ရာက သူ၏ ဘယ်ဘက်လက်သူကြွယ်မှ မြင့်ဦးပေးထားသော လက်စွပ်ကလေးကို ဆတ်ခနဲ ဆွဲဖြုတ်လိုက်လေသည်။ လက်စွပ်ကလေးကို မြင့်ဦးအား လှမ်းပေးရာက "ဒီလိုဆိုရင်လည်း ကိုမြင့်လက်စွပ် ပြန်ယူပေတော့" ဟု အသံကို မနည်းထိန်း၍ ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင့်ဦးလည်း လက်စွပ်ကလေးကို လှမ်းယူလိုက်ပြီး နောက် သူ၏ ကုတ်အင်္ကျီထဲသို့ ပေါ့ပေါ့ဆဆ ထည့်လိုက်လေသည်။ သည်အခြင်းအရာကို မြင်ရသည့်ညိုညို တွင် ဒေါပွသထက် ပွလာမိရာကလည်း "အို... သူ ငါ့ကို တကယ်ပဲ မုန်းသွားပြီလား" ဟု စိုးရိမ်စိတ်ကလေး မကင်းနိုင်အောင်လည်း ဖြစ်လာမိတော့လေသည်။ သည်အထဲ မြင့်ဦးက...

"လက်စွပ်ကို ချိုချို့ပေးရမယ်" ဟု ပေါ့ပေါ့ဆဆ အသံနှင့် ပြောလိုက်ပြန်သည်တွင် ညိုညိုသည် မျက်လုံးအိမ်များ ပူစပ်စပ်ဖြစ်လာမိရာက မျက်ရည်စများ အန်ထွက်မလာအောင် မနည်း ချုပ်တည်းထားရလေ၏။

"ကိုမြင့်... ရှင် ချိုချို့ကို စိတ်ထိခိုက်အောင် လုပ်ရင်တော့ ရှင့်ကို ညို ဘယ်တော့မှ အပြစ်လွှတ်နိုင်မှာ မဟုတ်ဘူး ဒါပဲ" ဟူ၍လည်း ဝမ်းနည်းနည်းနှင့် အပြစ်တင်စကား ပြောလိုက်မိလေရာ မြင့်ဦးက သူ့ကို နှုတ်ခမ်းမဲ့လျက် ကြည့်နေလေသည်။

"ကိုမြင့်ကို အပြစ်လွှတ်ဖို့စကားမပြောခင် ညို့ဘာသာညိုပဲ ကိုမြင့်ကို စိတ်ထိခိုက်အောင်လုပ်မိတဲ့အတွက် ပြန်အပြစ်လွှတ်ဖို့ ကြိုးစားပါဦး"

"ဟင်... ကိုမြင့်ကို ညိုက စိတ်ထိခိုက်အောင် လုပ်တယ် ဟုတ်လား" ဟု ညိုက ဝေ့သံကလေးနှင့် ပြန်မေးလိုက်ပြီးမှ "ကိုမြင့်ကြည့်ရတာ ညို့ကြောင့် သိပ် စိတ်ထိခိုက်ပုံ မရပါဘူး။ ဒါကြောင့်သာ ညို့ဆီက ချိုချို့ဆီကို ဒီလောက်လွယ်လွယ်ကူကူ အို... ကိုမြင့် ညို့ကို ညိုထင်သလောက် ချစ်တာမဟုတ်ပါဘူး"

ညိုညိုသည် ဘယ်လိုပင် ချုပ်တည်းသော်လည်း မရ။ သူ့အသံမှာ သိသိသာသာကြီး တုန်ရီလာလေသည်။ သို့တစေလည်း မြင့်ဦးကား သူပြောလိုက်သလောက် သိပ်ပြီး စိတ်ထိခိုက်ပုံမရ။ သူ့မျက်နှာမှာ အေးအေးစက်စက် ဖြစ်နေလေသည်။

"ကိုမြင့်အတွက်နဲ့ ချိုချို စိတ်ထိခိုက်မှာကိုတော့ မစိုးရိမ်ပါနဲ့ ညို။ ကိုမြင့်ကြောင့် ချိုချိုဟာ ဆုတောင်းပြည့်ချင် ပြည့်နေမှာ။ မန္တလေးကို လင်မယားနှစ်ယောက်သား ဟန်းနီးမွန်းထွက်ရမယ့် အခွင့်အရေးကို မိန်းကလေးတိုင်း အများအားဖြင့် တောင့်တောင့်တတ ရှိကြတာပဲ။ ညိုညို့လို မိန်းမမျိုးကိုတော့ မဆိုလိုပါဘူး။ ဒါပေမဲ့... ချိုချို့အဖို့တော့ ဒီလိုအခွင့်အရေးရတာ ကိုမြင့်ကိုတောင် ကျေးဇူးတင်နေဦးမှာ"

လင်မယား၊ ဟန်းနီးမွန်း ဟူသော စကားများသည် ညိုညို့ရင်ကို နင့်ခနဲ၊ နင့်ခနဲ ဖြစ်သွားစေလေသည်။ ညိုညို့လို မိန်းမမျိုးကိုတော့ မဆိုလိုပါဘူးတဲ့။ ပြောရက်လိုက်တာ ကိုမြင့်ရယ်။ တကယ်ဆိုတော့ ကိုမြင့်နောက်ကို ညိုညို ဘယ်လောက်လိုက်ချင်နေသည်ဆိုတာကိုသိသင့်ပါသည်။ မလွှဲသာမရှောင်သာတဲ့ တာဝန်တွေကြောင့်သာ။ ညိုညိုသည် နှုတ်ခမ်းကလေးကို သွားများနှင့် ခပ်နာနာကိုက်ထားရာမှ ရီဝေသော မျက်လုံးအစုံနှင့် စိတ်အပြောင်းအလွဲ မြန်ဆန်လွယ်ကူလှသော သူ၏ ချစ်သူကို ငေးကြည့်နေမိလေသည်။ အဓိပ္ပာယ်မျိုးစုံ ပေါ်ပေါက်နေသော ထိုမျက်လုံးအစုံကိုသာ မြင့်ဦးမြင်ရပါသည်။ မခံချင်စိတ်၊ လိုရာမရသည့်စိတ်၊ နာကြည်းနေသည့်စိတ်တို့ကြောင့် တင်းမာထားရသော သူ့မာနတို့မှာ တစ်ခါတည်း အရည်ပျော်ကျသွားမည်ဖြစ်၏။ သို့တစေလည်း ထိုမျက်လုံးအစုံကို သူမမြင်မိ။ သူ့စီးကရက်မှ တလူလူ လွင့်ထွက်သွားသော မီးခိုးလိပ်များကိုသာ ခပ်တွေတွေ ငေးစိုက်ကြည့်နေလေသည်။

သွက်လက်ပေါ့ပါးသော ခြေသံများသည် သူတို့နှစ်ယောက်၏ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေသည်။ ချိုချိုသည် ညနေစောင်းတွင် တိုက်ခတ်အပ်သော လေညှင်းကလေးကဲ့သို့ အခန်းတွင်းသို့ အပြေးကလေး ဝင်လာလေ၏။ အခန်းတွင်း၌ ရှိနေကြသူနှစ်ယောက်၏ မျက်လုံးနှစ်စုံကား သူမထံသို့ စူးစိုက်သွားလေသည်။ တစ်စုံကား မနာလိုစိတ် မကင်းသည့် ညိုညို၏မျက်လုံးများဖြစ်လျက်၊ ကျန်တစ်စုံမှာမူ အံ့အားသင့်မှု၊ နှစ်သိမ့်ကျေနပ်မှု၊ ချီးမွမ်းမှုတို့ကို ဖော်ပြလျက်ရှိသည့် မြင့်ဦး၏ မျက်လုံးများပင် ဖြစ်လေ၏။

ချိုချိုကား သူ့အလှကို အစွမ်းကုန် ထုတ်ဖော်ထားလေသည်။ သို့ကြောင့် သူမမှာ အစွမ်းကုန်လှလျက် ရှိနေလေသည်။ နံ့သာနုရောင် ပိုးနုရင်ဖုံးအင်္ကျီနှင့် ကြက်သွေးရောင်ကျော်ဂျက်ထမီတို့ကို ဝတ်ဆင်ထားသည့် သူမ၏ ကိုယ်လုံးကလေးမှာ ကျော့ရှင်းပြေပြစ်လှသလောက် ရီပြုံးနေသော မျက်လုံးအစုံ၊ ပန်းနုသွေး ပြေးနေသည့် ပါးမို့မို့ကလေးများ၊ နီထွေးနုလျလှသော နှုတ်ခမ်းအစုံတို့ဖြင့် သူ၏ မျက်နှာကလေးမှာလည်း အစွမ်းကုန် ပွင့်ဖူးနေသော ပန်းဝတ်လွှာကလေးကဲ့သို့ပင် စိုပြေရွှပျော်လှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသည်လိုလှလျက်ရှိနေသော ချိုချိုကို ကြည့်ရာက ညိုညိုတွင် စိတ်လှုပ်ရှားလာမိတော့လေသည်။ စောစောကမူ ချိုချိုသည် သူမကဲ့သို့ပင် မြင့်ဦးအတွက်နှင့် ရည်မှန်းချက် မပြည့်စုံဘဲ စိတ်ထိခိုက်ရရှာမည်ကိုတွေး၍ စိုးရိမ်မိခဲ့လေသည်။ ယခုမူ သည်လိုသူမ စိုးရိမ်မိသည်မှာ လုံးဝမှားကြောင်းကို သိလာရတော့သည်။ စိတ်ထိခိုက်ရမည့်လူကား မြင့်ဦးသာလျှင် ဖြစ်နိုင်စရာအကြောင်းရှိလေသည်။ ချိုချိုကား မီးတောက်ကလေးနှင့် တူလှသည်။ မီးတောက်ကလေးနှင့် ကစားမိသူတိုင်း ပူလောင်ခြင်းဝေဒနာကို ခံစားရမည်ဖြစ်သကဲ့သို့ ချိုချိုနှင့် ကစားသူ မြင့်ဦးတွင်လည်း တစ်နေ့နေ့တွင် အတော်ပင် စိတ်ထိခိုက်ရတော့မည်ဟု ညိုညိုတွေးမိလေသည်။

"ကဲ... ကိုကိုမြင့် သွားကြမယ်လေ"

ချိုချိုသည် သူ၏ ပိတုန်းရောင်တောက်နေသော ဆံပင်ကို လက်တစ်ဖက်နှင့်သပ်ရာက မြင့်ဦးအား လှမ်းပြောလိုက်လေသည်။ သည့်နောက်ကား သူသည် မြင့်ဦး၏ လက်မောင်းတစ်ဖက်ကို ဖက်လျက် စုံတွဲအခန်းတွင်းမှ ထွက်ခွာသွားတော့လေသည်။ လေထဲတွင် ပျံဝဲ၍ပါလာသော ချိုချို့ရယ်သံကလေးကား အခန်းထဲတွင် တစ်ကိုယ်တည်း ကျန်ရစ်ရှာသည့် ညိုညိုအား လှောင်လိုက်သလိုလို...

* * *

မိမိမြတ်နိုးလှသော အရုပ်ကလေးတစ်ခု လုယူသွားခြင်းခံရသော ကလေးငယ်တစ်ယောက်ကဲ့သို့ ညိုညိုသည် ရင်ထဲတွင် ဟာတာတာကြီးဖြစ်နေလျက် ငိုမဲ့မဲ့မျက်နှာထားကလေးနှင့် မိမိတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည့် အခန်းထဲတွင် မတုန်မလှုပ် ထိုင်နေမိလေသည်။

ယခုလို သူ့တစ်ကိုယ်တည်း အတွေးကိုသာ အဖော်ပြုလျက် ကျန်ရစ်ခဲ့ရသည့်အခါ ညိုညိုသည် သူ့အမှားကို တစိမ့်စိမ့် မြင်ယောင်မိလာတော့လေသည်။ သူသည် မြင့်ဦးအား သူစောင့်နိုင်သရွေ့ စောင့်နေလိမ့်မည်ဟု ယုံကြည်မိခဲ့သည်။ ခုတော့ သူထင်မိသကဲ့သို့ မဟုတ်။ မြင့်ဦးကား သူလိုတာမရ၍ သူရတာကို ယူသွားလေပြီ။ ဒါပေမဲ့ သူမသည် မြင့်ဦးအား အပြစ်မတင်ရက်နိုင်ပေ။ သည်လိုဖြစ်သွားခဲ့ရသည်ကား တကယ်ဆိုတော့ သူမ၏ အပြစ်သာလျှင် ဖြစ်ခဲ့လေသည်။ သူသည် မြင့်ဦးအား လေးနှစ်လုံးလုံး စောင့်ဆိုင်းစေခဲ့သည်။ ယခုတစ်ဖန် သူတို့နှစ်ယောက်နီးရဖို့ အခွင့်အရေး ရခဲ့သည့်အခါတွင်လည်း သူသည် မိခင်နှင့် ညီမတို့၏ သံယောဇဉ်တို့ကြောင့် ထိုအခွင့်အရေးကို ငြင်းဆန်မိခဲ့သည်ဖြစ်ရာ မြင့်ဦးတွင် ဒီတစ်ခါတော့ သူ၏ ရက်ဆွဲမှုကို သည်းခံနိုင်တော့မည်မဟုတ်သည်ကို သူကောင်းစွာ သိသင့်လေသည်။ ခုတော့ သူသံယောဇဉ်မဖြတ်နိုင်သည့် သူ့ညီမကပင် သူ အသက်ပေး၍ ချစ်နေမိသည့် ချစ်သူကို ကြောင်တောင်နှိုက်ယူသွားခဲ့လေပြီ။ ဒါပေမဲ့လည်း ညီမဖြစ်သူအား ညိုညိုအပြစ်မတင်နိုင်ပေ။

ချိုချိုကား စိတ်နေစိတ်ထားတွင် သူမနှင့် လုံးဝတူသူမဟုတ်ပေ။ ညိုညို တာဝန်သိတတ်သလောက် ချိုချိုကား တာဝန်ကို လုံးဝဂရုမစိုက်၊ သံယောဇဉ်လည်း အတော်ကင်းနိုင်သူကလေး ဖြစ်လေသည်။ သူကိုယ်တိုင်ကလည်း ထိုအချက်ကို "ချိုချိုရှင်းရှင်းပြောရရင် ချိုချိုကောင်းဖို့လောက်သာ အရင်ဦးဆုံး ဂရုစိုက်မှာပဲ" ဟူသော စကားများဖြင့် စောစောကပင် ဖွင့်ဟဝန်ခံခဲ့ပြီ မဟုတ်ပါလော။

ဟုတ်သည်။ ချိုချို့ကို ညိုညို ဘယ်နည်းနဲ့မှ အပြစ်မတင်နိုင်ချေ။ တကယ်ဆိုတော့ ချိုချိုသည် သူလွှင့်ပစ်လိုက်သော ရတနာကို သူများလက်ထဲ မရောက်ခင် အရကောက်ယူလိုက်ခဲ့ခြင်းသာလျှင် ဖြစ်ပေ၏။ သို့တစေလည်း ထိုရတနာကို သူ လွှင့်ပစ်ခဲ့ရခြင်းကား မလိုချင်၍မဟုတ်။ မလွှဲသာလွန်း၍ ငြင်းပယ်ရခြင်းသာ ဖြစ်လေရာ ယခု ထိုရတနာ ဆုံးရှုံးရတော့မည်ကို မျက်မှောက်တွင် တွေ့နေရပြန်သည့်အခါ၌ ညိုညို့တွင် ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်အောင် ဖြစ်နေမိပြန်လေ၏။

ကိုမြင့် ငါ့ကို မုန်းသွားတာတော့ ဘယ်နည်းနဲ့မှ မဟုတ်ပါဘူး။ ငါ့ကို စိတ်နာနာနဲ့ တမင်သက်သက် ငါမခံချင်အောင် အရွဲ့တိုက်သွားတာပါ။ ဒါပေမဲ့ ငါက အလျှော့မပေးဘဲ တင်းခံနေမယ်ဆိုရင်တော့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ဆိုတာလို ဖြစ်သွားမှာ သေချာတယ်။ ဒီတစ်ခါတော့ ကိုမြင့်အကြံကို ငါလိုက်နိုင်ရအောင် ကြိုးစားရမယ်။

ကိုမြင့်အလိုကို လိုက်နိုင်အောင် ကြိုးစားရမယ်ဆိုရင်တော့ အလွယ်ဆုံးနည်းကား မြင့်ဦးခေါ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားဖို့ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မိခင်၏သံယောဇဉ်ကား သူ့ကို နှောင်ကြိုးတဲထား လျက် ရှိနေသေးလေသည်။ ချိုချို့အတွက်ကား အရေး မကြီးတော့။ ချိုချိုသည် သူ့ကိုယ်ကို သူကောင်းစွာ ကြည့် ရှုနိုင်သူ၊ သူအားကိုးစရာကို သူ့ဘာသာ ကောင်းစွာရှာဖွေ နိုင်သူကလေးတစ်ယောက်ဖြစ်ကြောင်းကို ယခု ညိုညို သိ လာခဲ့လေပြီ။ ဒါပေမဲ့ မိခင်ကြီးကား ချိုချိုမဟုတ်၊ ကျယ် ဝန်းသော လူ့လောကအလယ်တွင် မိခင်ကြီး၏ တစ်ခု တည်းသော အားကိုးမှီတွယ်စရာကား သူမ သာလျှင် ဖြစ် လေသည်။ ချိုချိုကား သူတစ်ပါးတာဝန်ကို ဘယ်နည်းနှင့် မျှ ယူမည့် မိန်းမစားမျိုး မဟုတ်ပေ။

မန္တလေးကို မေမေ့ပါခေါ်ခဲ့ရင် ကောင်းမှာပဲ။ တွေး သာတွေးလိုက်ရသော်လည်း ညိုညို့တွင် ထိုအကြံကို သဘောမကျမိ။ သမက်အိမ် နေရသော ယောက္ခမကား မျက်နှာငယ်လှ၏။ ထိုမှတစ်ပါးလည်း သူမ၏မိခင်သည် ကွယ်လွန်သူခင်ပွန်းသည် ခေါင်းချရာအရပ် ဤအိမ်က လေးမှတစ်ပါး ခွာချင်မည်မဟုတ်ပေ။ ဒီလိုဆိုရင် ကိုမြင့်ကို မေမေ့အတွက် ငွေထောက်ခိုင်းရင်ကော။ ထိုအကြံကိုလည်း ညိုညိုလက်မခံနိုင်။ မြင့်ဦး၏ လခက ၂၅၀ သာ ရမည်ဖြစ် လေရာ ဤခေတ်ဆိုးခေတ်ကျပ်ကြီးထဲတွင် ဤငွေကလေး နှင့် လင်မယားနှစ်ယောက်ပင် လောက်ငအောင် မနည်း ကြိုးစားရမည်ဖြစ်လေ၏။ ထောက်နိုင်မည်ဆိုဦးတော့၊ ထောက်သည့်ငွေကလေးနှင့် မိခင်ဖြစ်သူသည် လူပုံအ လယ်တွင် တင့်တယ်စွာနေနိုင်မည် မဟုတ်ပေ။

ညိုညိုသည် တွေးရင်းတွေးရင်းကပင် ခေါင်းရှုပ်လာ မိတော့လေသည်။ တွေးမိသမျှ အကြံတို့ကိုလည်း သူလက် မခံနိုင်။ နောက်ဆုံး၌ "ဟယ်... ကိုမြင့်ကို ချိုချို့လက်ထဲ အပ်လိုက်တာပဲ တော်ပါတယ်"ဟူ၍ စိတ်လျှော့လိုက်မိချင် စိတ်ပင် ပေါ်ပေါက်လာတော့လေ၏။

* * *

သူ့မိခင်ဖြစ်သူ ဒေါ်လှမူ အိမ်လည်ရာမှ ပြန်လာသည့် အခါ ညိုညိုမှာ အိပ်ရာထဲတွင် နုံးချိစွာ ခွေနေသည်ကို တွေ့ရှိရလေ၏။

"ဟင်... ညို ဘာဖြစ်တာလဲ။ ဟင်... နေမကောင်း ဘူးလား၊ မျက်နှာလည်း ညှိုးနေပါကလား" ဟု မိခင်ဖြစ် သူက မေးလိုက်လျှင်ကား နဂိုကမှ ဝမ်းနည်းနေသည့် ညို ညို့တွင် ငိုချင်ရက်လက်တို့ဖြစ်ကာ မျက်ရည်များ အန် ထွက်လာတော့လေသည်။

"ညိုညိုသေရင် အေးမှာပါပဲ မေမေရယ်" ဟု ပြော ရာက ချုံးပွဲချ၍လည်း ငိုမိတော့လေသည်။ သည့်နောက် မြင့်ဦးက သူ့ကို မန္တလေးသို့ခေါ်ပုံ၊ သူက ငြင်းဆန်၍ သူတို့ နှစ်ယောက် ကတောက်ကဆ ဖြစ်ပုံ၊ ယခု သူ့အစား ချိုချို က နေရာဝင်ယူလိုက်ပုံတို့ကို မျိုသိပ်မထားနိုင်တော့ဘဲ ဖွင့် ပြောမိတော့လေရာ ဒေါ်လှမူတွင် အတော်ပင် အံ့အားသင့် နေလေသည်။

"ညည်းတို့ကာလကလည်း ဆန်းပဲဆန်းလှသအေ၊ အစ်မရှေ့တွင်ပဲ ညီမကို ပြောင်းကြိုက်ရတယ်လို့ ငါ့နယ် အံ့ပါရဲ့" ဟုလည်း မြင့်ဦးအား အပြစ်တင်စကား ပြောမိ လေရာ ညိုညိုက ကပျာကယာ ချစ်သူအတွက် ဝင်၍ကာ ကွယ်လေ၏။

"အို... သူ ချိုချို့ကို တကယ်ချစ်တာ မဟုတ်ပါဘူး၊ ညိုညို့ကို ဒေါပွတာနဲ့ ညိုမခံချင်အောင် ဒီလိုလုပ်တာပါ"

"အို... ဒီလိုလား ဒီလိုဆိုလည်း သမီးက မောင်မြင့်ဦး ကို ဘာလို့ ငြင်းလိုက်ရတာလဲ။ မောင်မြင့်ဦး စိတ်ဆိုးမယ် ဆိုလည်း ဆိုးစရာပေါ့။ သူ့ခမျာ စောင့်နေရတာ အတော် ကြာလှပြီပဲ"

"ဟင်" ညိုညိုသည် မိခင်ဖြစ်သူအား အံ့အားသင့် လှစွာ ငေးကြည့်နေမိလေသည်။ ပြီးမှ...

"အို... သမီးငြင်းလိုက်ရတဲ့အကြောင်းက မေမေတို့ အတွက်ပေါ့။ သမီး ကိုမြင့်နောက်လိုက်သွားလို့ရှိရင် မေမေ တို့ ဘယ့်နှယ်လုပ်ပါ့မလဲ။ ကိုမြင့်ကလည်း သူ့လခက လေးနဲ့ မေမေတို့အတွက် လောက်အောင်ထောက်နိုင်မှာ မဟုတ်၊ မေမေကလည်း သမီးနောက် လိုက်နေမှာ မဟုတ် တဲ့ ဥစ္စာပဲ"

မျက်လုံးကလေးများ အဝိုင်းသားနှင့် ပြောနေသူ ညို ညိုအား ကြည့်ရာက ဒေါ်လှမူသည် အသံထွက်အောင် ရယ်လိုက်လေသည်။

"အမယ်လေးဟဲ့ သမီး၊ မေမေတို့အတွက် ဒီလောက် ပဲ သံယောဇဉ်ကြီးရသတဲ့လားကွယ်။ သမီး ဒီမှာမရှိလည်း သမီးဆိုင်တော့ ဒီမှာ ကျန်ရစ်ခဲ့မှာ မဟုတ်လား၊ ဒီတော့ မေမေတို့အတွက် ဘာပူစရာရှိလဲကွဲ့။ မေမေကလည်း သမီးကိုယ်စား ဆိုင်မှာထိုင်၊ ဆိုင်ကရတဲ့ ဝင်ငွေကလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့တဲ့ တို့သားအမိနှစ်ယောက် အေးအေးဆေးဆေး စားနိုင်တဲ့ဥစ္စာပဲ"

"အို... မေမေ တကယ်ပြောလိုက်တာလား မေမေ" ဟု ညိုညိုသည် တုန်ရီသော အသံကလေးနှင့် မေးလိုက်မိလေသည်။

"ဟဲ့ တကယ်ပြောနေတာပေါ့ကွဲ့။ သမီးက တစ်သက်လုံး မေမေ့ကိုချည်းပဲ လုပ်ကျွေးနေရမယ်လို့များ ထင်နေသလား။ ခက်ပါဘိ သမီးရယ်။ မေမေကလည်း သမီးအပေါ်မှာ ဒီလောက် တစ်ကိုယ်ကောင်းကြံချင်စိတ် ရှိပါ့မလား။ ကဲ သမီး အချိန်တန်ရင် လင်ယူသားမွေး၊ သမီးဘဝကို သမီးဘာသာ စခန်းသွားဖို့ ရှိသေးတယ်ဆိုတာကို မေမေနားလည်ပါတယ်ကွယ်"

"စောစောက ပြောပါတော့ မေမေရယ်"

ညိုညိုသည် ဝမ်းသာလွန်းလှသဖြင့် အိပ်ရာထဲတွင် ခွေနေရာမှ ငေါက်ခနဲ ထထိုင်ကာ မိခင်ဖြစ်သူအား တအားဖက်ထားလိုက်မိလေသည်။ သည်လိုသာဆိုရင်တော့ သူမတွင် ဖြေရှင်းရမည့် ပြဿနာ မရှိတော့။ ပြဿနာကား အလိုလို ပြေရှင်းလျက်ရှိလေပြီ။ တကယ်ဆိုတော့လည်း သူ့ကိုယ်က တွေးပူတတ်ခဲ့၍သာ ဒီလိုအရှုပ်အထွေး ဖြစ်ခဲ့ရသည်ကို ညိုညိုနားလည်လာမိလေသည်။ မိခင်ဖြစ်သူသည် ဒီလောက်တော့ နားလည်မှုရှိလိမ့်မည်ဟု သူ အစကတည်းက သိဖို့ကောင်းလေသည်။

"မေမေက မောင်မြင့်ဦးလခက မလုံလောက်သေးလို့ သမီးတို့ မင်္ဂလာမဆောင်ကြသေးတာလို့ ထင်ခဲ့မိတယ်။ မေမေတို့အတွက်နဲ့တော့ သမီးတို့နှစ်ယောက်မှာ အနှောင့်အယှက် မဖြစ်ပါစေနဲ့ကွယ်"

မျက်လုံးကလေးများ ကြည်လင်တောက်ပလျက်ရှိသည့် ညိုညိုကို ကြည့်ရာက ဒေါ်လှမူသည် ဆက်လက်ပြောနေလေသည်။ ညိုညို့ ခမျာတွင်လည်း ဝမ်းသာလုံးဆို့နေလေသည်။ သူ့မိခင်ကား သူထင်မိခဲ့သလိုမဟုတ်၊ သူမရှိသည့်နောက် မိမိတာဝန်ကို မိမိဘာသာ ထမ်းဆောင်သွားနိုင်ဖို့ အဆင်သင့်ရှိနေလေသည်။ တကယ်ဆိုတော့လည်း သူ့ကိုယ်က သူမရှိလျှင်ဘဲ မဖြစ်တော့ဟု ကိုယ့်ကိုယ်ကို အထင်ကြီးမိခဲ့ခြင်း ဖြစ်လေ၏။

"ကဲ... သမီး သေချင်လောက်အောင် စိတ်ညစ်စရာအကြောင်းမရှိတော့ဘူး မဟုတ်လား။ ဒီလိုဖြင့် ထမင်းသွားစားချေကွယ်၊ မေမေ ထမင်းဆာလှပြီ"

ထမင်းပွဲတွင်ကား ညိုညိုတွင် ဘာကိုစားရလို့ စားရမှန်းမသိ။ ချိုချိုနှင့် မြင့်ဦးတို့ ပြန်လာမည့် အချိန်ကိုသာ စောင့်မျှော်နေမိလေသည်။ မြင့်ဦးကို ပြောပြချင်လှသည့် သတင်းကောင်း စကားများကား သူ၏ရင်တွင်းဝယ် ပြည့်ကျပ်တစ်ဆို့နေသဖြင့် ထမင်းမျိုမကျနိုင်အောင် ဖြစ်နေမိရှာလေသည်။

* * *

ချိုချိုတို့ကား အိမ်ပြန်နောက်ကျလှလေသည်။ ည ၆ နာရီထိုးသည့်တိုင်အောင် ပြန်ရောက်မလာကြသေး၍ ထိုင်စောင့်နေကြသော ညိုညိုနှင့် ဒေါ်လှမူတို့တွင် ပြန်လာခဲ့လှချည့်ဟု စိတ်တထင့်ထင့် ဖြစ်နေမိကြတော့လေသည်။ နောက်ဆုံးတွင် ဒေါ်လှမူမှာ လူကြီးဖြစ်သည့်အတိုင်း သမ်းဝေလာတော့ရာက "ကဲ သမီးပဲ စောင့်နေလိုက်ပါတော့ကွယ်၊ တယ်မိုက်တဲ့ ကလေးတွေ ... ဒီလောက်တောင် မိုးချုပ်အောင် လည်ကြရသတဲ့လား" ဟု မြည်တွန်တောက်တီးပြီး အိပ်ရာသို့ ဝင်သွားတော့လေရာ ဧည့်ခန်းထဲတွင် ညိုညိုတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့လေသည်။

ညိုညိုကား မပျင်းမရိ ဖွဲကြီးစွာပင် ထိုင်စောင့်နေလေသည်။ ဧည့်ခန်းထဲမှ နံရံတွင် ဆွဲကပ်ထားသည့် တိုင်ကပ်နာရီကြီး၏ တချက်ချက်မြည်နေသံကား သူမကို အဖော်ပြုလျက်ရှိနေလေ၏။ "အို... ငါပြောစရာရှိတာတွေကို ကိုမြင့်များကြားရရင် ဘယ်လောက်များ ဝမ်းသာရှာလိမ့်မလဲ"ဟု တွေးရာက ညိုညိုသည် ညနေက အလိုမကျ၍ မျက်နှာကြီး ညိုနေခဲ့သော ချစ်သူ၏ မျက်နှာကို ပြန်၍ မြင်ယောင်လာမိလေသည်။ အင်း ကိုမြင့်၊ ကိုမြင့် သူခေါ်ရာနောက်သို့ မလိုက်ဟု ငြင်းဆန်လိုက်သည့်အခါ မြင့်ဦးတွင် အဘယ်မျှလောက် စိတ်ထိခိုက်သွားခဲ့မည်ကို ညိုညို့တွင် ယခုမှ တရေးရေးတွေး၍ တစိမ့်စိမ့် သိမြင်လာမိရာက သူ့ကိုယ်ကိုပြန်၍ အပြစ်တင်မိပြန်လေ၏။ "သူ့ခမျာ ငါ့ကို အတော်စိတ်နာသွားရှာမှာပါပဲ။ ဒါကြောင့်သာ ချိုချို့ကို ခုလို ခေါ်သွားတာပေါ့"ဟု တွေးရာက ညိုညိုသည် သူ့အပေါ်တွင် စိတ်ကောက်နေသော ချစ်သူအား အားရပါးရ ချော့ချင်စိတ်မှာ ပြင်းပြလျက် ရှိနေမိသဖြင့် နာရီကိုသာ မကြာခဏ မော်ကြည့်နေမိတော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၀ နာရီထိုးလုသည့်အခါတွင်ကား အိမ်ရှေ့တွင် ကားတစ်စီးဆိုက်သံကို ကြားရလေသည်။ ညိုညိုကား ရင်တထိတ်ထိတ်ခုန်လာမိရာက ထိုင်ရာမှ ထလိုက်ကာ နားစွင့်နေမိလေသည်။ တိတ်ဆိတ်နေသော အမှောင်ထဲမှ ချိုချို၏ ကြည်လင်သော ရယ်မောသံကလေး ထွက်ပေါ်လာပြီးနောက် ကားပြန်ထွက်သွားသံကို ကြားရလေသည်။

ညိုညိုသည် အပြေးအလွှား တံခါးကို သွား၍ဖွင့်ပေးလိုက်လေသည်။ သို့ရာတွင် တံခါးဝ၌ ချိုချိုတစ်ယောက်တည်း ရပ်နေသည်ကိုသာ တွေ့ရလေ၏။

"ဟင် ချိုချို ကိုမြင့်ကော"

"အို... ပြန်သွားပြီပေါ့ မမရဲ့"

ချိုချိုသည် အစ်မဖြစ်သူ၏ အရေးတကြီးမေးခွန်းကို အေးအေးဆေးဆေး ပြန်ဖြေလိုက်ရာက သူ၏အိပ်ခန်းဆီသို့ တောက်လျှောက်ဝင်သွားတော့လေသည်။ ညိုညိုကား မြင့်ဦးမပါလာသည် သိရ၍ ရင်ဟာသွားမိပြီး ခေတ္တမျှ ခပ်ငိုင်ငိုင်ကြီး ရပ်နေမိလေသည်။ ပြီးမှ အပြေးကလေး ချိုချို့နောက် အခန်းထဲသို့ ဝင်လိုက်သွားမိလေသည်။

ချိုချိုကား ခုတင်ဘေးရှိ မှန်တင်ခုံတွင် ရပ်ကာ သူ၏ အဝတ်အစားများကို ချွတ်ပစ်လျက် ရှိလေသည်။ ညိုညိုလည်း ခုတင်ပေါ်တွင် ခြေတွဲလွဲချလျက် ထိုင်လိုက်ရာက ညီမဖြစ်သူအား မော်ကြည့်မိလေသည်။ သနပ်ခါးရေကျဲများကို မျက်နှာတွင် သုတ်လိမ်းနေသည့် ချိုချိုက အတော်ပင် ရွှင်လန်းပြုံးချိုနေကာ မျက်လုံးကလေးများမှာလည်း စိန်ပွင့်များပမာ တလက်လက်တောက်နေသည်ကို ညိုညို တွေ့ရလေသည်။

"ချိုချို ညည်းတို့ ဘယ်သွားကြတာလဲ။ မိုးချုပ်လိုက်ကြတာ"

"အို... ကိုကိုမြင့်က ချို့ကို ဘိုင်စကုတ်ပြနေလို့ပါ။ ဘိုင်စကုတ်ပြီးတော့လည်း ဆန်းကဖီးမှာ ဝင်ပြီးစားသောက်နေတာနဲ့ မိုးချုပ်သွားတယ်။ ပြန်လာတာတောင် ဘတ်စ်မရှိလို့ တက္ကဆီငှားပြီး ပြန်လာရတယ်။ ကိုကိုမြင့်တော့ အတော့်ကို ငိုင်ပြုတ်သွားမှာပဲ"

မျက်နှာမှ သနပ်ခါးများကို ခြောက်သွားစေရန် ယပ်တောင်နှင့် ခပ်ပေးရင်းက အစ်မဖြစ်သူအား မကြည့်ဘဲ မှန်ထဲမှ သူ၏မျက်နှာကလေးကိုသာ ကြည့်၍ တတွတ်တွတ်ပြောနေလေသည်။

"အင်း ချိုချို့ကို ကြည့်ရတာ အတော်ပျော်ခဲ့ပုံပဲ"

ဤတွင်မှပင် ချိုချိုသည် အစ်မဖြစ်သူအား လှည့်ကြည့်လိုက်လေသည်။

"အို ပျော်တာပေါ့ မမရဲ့။ ဒီညဟာ ချိုချို့အတွက် အပျော်ဆုံး ညတစ်ညပဲ။ မမ ချိုချို့အတွက် တာဝန်ဆက်မထမ်းရတော့ပါဘူး။ ချိုချို့တာဝန်ကို ထမ်းမယ့်လူတစ်ယောက် ပေါ်လာပြီမမရဲ့"

တဒိတ်ဒိတ်နှင့် ခုန်လှုပ်နေသော တစ်ကိုယ်လုံးမှ သွေးကြောများသည် ရုတ်တရက်ရပ်ဆိုင်းသွားတော့သည်ဟု ညိုညိုထင်မှတ်လိုက်မိလေသည်။

"ချိုချို ဘာပြောလိုက်တာလဲ။ မမနားမလည်ပါဘူး"

မသိမသာတုန်ယင်လာသည့်အသံနှင့် မေးလိုက်မိရာတွင် ချိုချိုသည် သူ့အား မျက်ခုံးကလေး နှစ်ဖက်ပင့်လျက် လှမ်းကြည့်လိုက်လေသည်။

"အို... မမကလည်း ခုမှပဲ နားထိုင်းနေရပြန်ပြီ။ ချိုချိုပြောတာ အရှင်းကြီးပဲ။ မမ မလိုချင်လို့ လွှင့်ပစ်ခဲ့တဲ့ရတနာကို ချိုချို ကောက်ယူလိုက်ပြီလေ။ ဒီရတနာကို ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်လိုက်တာ ကောင်းမှာမို့ ကိုမြင့်ရဲ့ 'အော့ဖား' ကို လက်ခံလိုက်တယ် မမရဲ့"

"ချိုချို ညည်းဘာတွေ ပြောနေတာလဲ" ဟု ညိုညို ထပ်မေးမိလေသည်။ အို သူတွေး၍ စိုးရိမ်မိသလိုတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါဘူး။ စောစောက ရပ်ဆိုင်းသွားခဲ့သော သွေးများကား ယခုတွင် တဒိန်းဒိန်း ဆူကြွလျက် ရှိနေတော့လေရာ ညိုညို၏ ဦးနှောက်တစ်ခုလုံးမှာ ဆူဝေလျက် ရှိတော့လေသည်။

"သြော်... ခက်ပါဘိ။ ကဲကဲ ရှင်းရှင်းပဲ ပြောရရင် ကိုကိုမြင့်က ချို့ကို မမအစား လူကိုလက်ထပ်ပြီး မန္တလေးကို လိုက်ခဲ့ပါတဲ့။ ဒါကို ချိုချိုက လက်ခံလိုက်တယ်မမရဲ့။ ချိုချိုလည်း မမကို ကပ်စားနေရတာ အားနာလွန်းလို့။ အဲ ကိုကိုမြင့်ကို ချို့တာဝန်ပြောင်းပေးလိုက်တယ်ဆိုပါတော့"

ညည်းညာတာ၊ ညည်းညာတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကိုမြင့် ဒီလိုလုပ်ရက်မှာ မဟုတ်ဘူး။ ညည်းလည်း အစ်မရဲ့ ရည်းစားကို ဒီလိုကြောင်တောင်နိုက်ရဲမှာ မဟုတ်ဘူး။ သည်စကားတွေကား ညိုညို၏ လည်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



တွင်သာ တစ်ဆို့၍နေလေသည်။ ညိုညိုသည် လက်သီးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ရာက ညီမဖြစ်သူအား မမြင်သော မျက်လုံးအစုံဖြင့် ငေးစိုက်ကြည့်နေမိလေ၏။

ချိုချိုကား အစ်မဖြစ်သူ ဖြစ်နေပုံကို ဂရုပြုမိဟန်မတူ။ ကိုယ့်ကိုယ်ကို ကျေနပ်နှစ်သိမ့်မှုသာ ပြည့်လျှမ်းနေသည့်ပမာ၊ အေးအေးဆေးဆေး အမူအရာတို့ဖြင့် ညဝတ်အင်္ကျီကို ဘော်လီပေါ်မှ ထပ်ဝတ်ရာက စကားဆက်နေပြန်လေသည်။

"ကိုကိုမြင့်က နောက်လာမယ့် တနင်္ဂနွေနေ့မှာ မန္တလေးကို သွားရတော့မယ်။ ဒါကြောင့် ချိုနဲ့သူ စနေနေ့မှာပဲ တိတ်တိတ်ဆိတ်ဆိတ် လက်ထပ်ကြရအောင်တဲ့။ ချိုချိုကလည်း သဘောတူလိုက်ပါတယ်။ မနက်ဖြန် သူလာပြီး မေမေ့ဆီမှာ အခွင့်တောင်းလိမ့်မယ်"

ဟင်... မေမေ့ဆီမှာ အခွင့်တောင်းမယ်ဟုတ်လား။ ါဆီကို အခွင့်တောင်းဖို့ကိုတော့ စိတ်မကူးကြတော့ဘူးဟားဟင်။ လုပ်ရက်ကြပါပေ့။ ရည်းစားလုရက်တဲ့ ချိုချို၊ စိမ်းရက်တဲ့ ကိုမြင့်။ ညိုညိုသည် ရင်ထဲတွင် အူအသည်းပြောင်းပြန်လှန်ပစ်လိုက်သလို ဗလောင်ဆန်နေသည့်အတွက် စကားတစ်ခွန်းမှ မပြောနိုင်တော့ချေ။

"သြော်... ပြီးတော့ ကိုမြင့်ကလည်း မမကို မှာလိုက်သေးတယ်။ ကိုမြင့်ကို မမ မယူနိုင်တာကို ဝမ်းနည်းမိပါတယ်တဲ့။ ဒါပေမဲ့ ချိုချိုက သူ့ကိုယူဖို့တော့ ခွင့်ပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်လို့ ပြောပါတဲ့။ ချိုချိုက အို မမက သဘောထားကြီးပါတယ်လို့ မမကိုယ်စား ပြောခဲ့တယ်။ တကယ်ဆိုတော့လည်း ကိုမြင့်ကို မမ မယူနိုင်တဲ့အတူတူ မမ နေရာမှာ တခြားလူ ဝင်မယ့်အစား ချိုချို ဝင်လိုက်တာက အကောင်းဆုံး မဟုတ်လား မမရဲ့"

ညိုညိုကား သည်စကားတွေကို မကြားချင်တော့။ ကြာလျှင် ချိုချို့ရှေ့တွင် မထိန်းနိုင်မချုပ်နိုင်တော့ဘဲ ချုံးပွဲချ ငိုပစ်လိုက်မိတော့မည် ဖြစ်လေ၏။ သို့ကြောင့် ညိုညိုသည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်လေသည်။

"အေး ချိုချိုတို့ ကောင်းတယ်ထင်သလိုသာ ကြည့်လုပ်ကြပေတော့"

"အင်း... ကိုယ် လေးနှစ်လုံးလုံး ချစ်ခဲ့တဲ့ ရည်းစားတစ်ယောက် ကိုယ်က မလိုချင်ပေမဲ့ သူများ လက်ထဲပါသွားတော့လည်း အနည်းအများတော့ စိတ်ထိခိုက်မိတတ်ကြမှာပေါ့လေ။ ဟဲ ဟဲ"

ချိုချိုသည် အစ်မ၏ အမူအရာကို ယင်းသို့ဖြေရှင်းနေရာက ပေါ့ပါးသော စိတ်ဖြင့် အိပ်ရာသို့ ဝင်ပြီးနောက် မကြာခင်ကပင် အိပ်ပျော်သွားတော့လေသည်။

သို့တစေလည်း ညိုညိုကတော့ ချိုချို့လို စိတ်အေးလက်အေး မအိပ်နိုင်ပေ။ သူ၏ဦးနှောက်ထဲတွင် တပွက်ပွက်ဆူဝေနေသည့်အတွေးတို့ကြောင့် အိပ်ချင်စိတ်ပျောက်ကာ မိုးလင်းလုသည်အထိမျက်လုံးကြောင်နေခဲ့လေသည်။

ပထမတော့ ညိုညိုသည် သူ့အိပ်ရာသို့ရောက်လျှင်ရောက်ချင်း ခေါင်းအုံးတွင် မျက်နှာအပ်ကာ ချိုချို့ရှေ့တွင် ထိန်းသိမ်းခဲ့ရသလောက် အတိုးချကာ အားရပါးရကြီး ငိုမိခဲ့လေသည်။ နောက်ဆုံး၌ ငိုရလွန်း၍ မောကာ မျက်ရည်များလည်း ခြောက်သွားတော့သည့် အခါ၌မူကား ဖြစ်ခဲ့ရသော ကိစ္စကို ခေါင်းအေးအေးနှင့် တွေးတောဆင်ခြင်နိုင်ခဲ့လေသည်။

သူ၏ချစ်သူ မြင့်ဦးကား ညနေက ဖြစ်ပွားခဲ့ရသော ကိစ္စကြောင့် သူ့ကိုပစ်ပယ်လျက် ချိုချို့ထံသို့ မေတ္တာပြောင်းလွှဲသွားခဲ့လေပြီ။ ဒီလောက် လွယ်လွယ်ကူကူ အချစ်ပြောင်းနိုင်လှသော မြင့်ဦးအား ပထမတော့ ညိုညိုသည် အတော်ပင်ဒေါပွမိကာ အံ့အားလည်း သင့်မိတော့လေသည်။ သူငါ့ကို ဒီလောက် လွယ်လွယ်ကူကူ ပစ်ပယ်နိုင်ရက်တယ်ဟုလည်း မခံချိမခံသာ ဖြစ်မိခဲ့လေသည်။ သို့တစေလည်း ထိုပြဿနာကို သေသေချာချာ တွေးကြည့်မိသည့်အခါ၌ အဖြေတစ်ရပ် ထင်ထင်ရှားရှားကြီး ထွက်ပေါ်လာခဲ့လေ၏။ ထိုအဖြေကား အခြားမဟုတ် မြင့်ဦးသည် သူထင်မိသလို သူ့အား နှစ်နှစ်ကာကာကြီး ချစ်နေခြင်းမဟုတ်ဟူသည့်အချက်ပင် ဖြစ်လေ၏။ ဟုတ်လှပါသည်။ မြင့်ဦးကား သူ့ကို အချစ်ပြယ်သွားခဲ့လေပြီ။ လေးနှစ်လုံးလုံး ပိုင်နိုးပိုင်နိုးနှင့် စောင့်စားခဲ့သော မြင့်ဦး၏အချစ်ကား တစ်နေ့တစ်ခြား ဒီဂရီအားနည်းလာခဲ့ဟန် တူလေသည်။ ထို့ကြောင့် ညနေက မျှော်မှန်းမိသလို မိမိက မလိုက်နာနိုင်သည်ကို တွေ့ရသည့်အခါ၌ မြင့်ဦး၏ အချစ်မှာ အားနည်းနေရာက တစ်ခါတည်း အရှိန်ပြယ်ပျောက်သွားခဲ့ပြီ မိမိထက် ငယ်ရွယ်နုပျိုသူ မိမိထက် ယောကျ်ားတို့၏ စိတ်ကိုဆွဲဆောင်လျက် အလိုလိုက်နိုင်သူ ချိုချို့အပေါ်တွင် ဦးလှည့်သွားခဲ့ခြင်းသာ ဖြစ်ရမည်ဟု တွေးနေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့် ငါ့ကို မချစ်တော့ဘူး ဟူသော အတွေးသည် ညိုညို၏အသည်းအား ထက်ခြမ်းခွဲလျက် ဆားသိပ်ထည့်လိုက်သည့်အလား ဆတ်ဆတ်ခါအောင် နာကြည်းစေခဲ့လေသည်။ ကိုမြင့်ဦးက ငါ့ကိုမချစ်တော့ဘူးတဲ့။ ဒါပေမဲ့ ငါကတော့ သူ့ကို အသည်းစွဲချစ်နေမိတုန်းပါပဲ။ ဒါဘာလုပ်ရမလဲ။ အမယ်လေး ကိုမြင့်ရဲ့ ညို့ကို မုန်းရက်ပါပေ့။ မသနားတော့ဘူးလားဟု ဘိုင်စကုတ်ထဲက မင်းသမီးလို မြင့်ဦး၏ခြေကိုဖက်လျက် တောင်းပန်အသနားခံရမည်လား၊ အို သည်လိုတော့ ဘယ်တော့မှမလုပ်။ သည်လိုလုပ်လို့လည်း မြင့်ဦး၏ အချစ်ကို ပြန်ရနိုင်မည်မဟုတ်။ လူတစ်ယောက်၏ အချစ်ကို ဘယ်နည်းနှင့်မျှ လုပ်ယူ၍ရသည်မဟုတ်ပါ။ လူတစ်ယောက်သည် အလိုလိုသာ ချစ်စိတ်ဝင်လာတတ်၏။ ထိုချစ်စိတ် ကွယ်ပျောက်သွားသည့်အခါ၌ ဘယ်လိုလုပ်၍မှ ပြန်ခေါ်၍ရမည်မဟုတ်ဟု ညိုညိုယုံကြည်မိလေသည်။ ထို့အပြင်လည်း ကိုယ့်အပေါ် မချစ်တော့တဲ့လူကို ပြန်ချစ်ပါဦးဟု အသနားခံလိုစိတ် မရှိသည့် အပျို့မာနစိတ်ကလေးလည်း ညိုညို့ရင်ထဲတွင် ကိန်းအောင်းလျက် ရှိနေလေသည်။

သို့နှင့်ပင် ဤသို့သော အတွေးတို့ဖြင့် ညိုညို၏ စိတ်အာရုံတို့သည် နပန်းလုံးခဲ့လေရာ မိုးစင်စင်လင်းလာသည့် အချိန်သို့တိုင်ခဲ့လေသည်။ ထိုအခါတွင်ကား ညိုညိုသည် တစုံတစ်ခုကို စိတ်ဆုံးဖြတ်ချက် ချလိုက်မိပြီ ဖြစ်လေသည်။ ထိုဆုံးဖြတ်ချက်ကား အခြားမဟုတ်။ ချိုချိုနှင့် မြင့်ဦးတို့၏ ကိစ္စတွင် မိမိက မည်သို့မှ ဝင်၍မစွက်ရန်ပင် ဖြစ်လေသည်။ မြင့်ဦးကား ငါ့ကိုမချစ်တော့။ ငါ့အစား ချိုချို့ကို ရွေးခဲ့ပြီဖြစ်ရာ ထိုအတိုင်းသာ ဖြစ်စေတော့ဟု ညိုညိုစိတ်ဆုံးဖြတ်ချက် ချလိုက်မိပြန်လေပြီ။ သူ့အတွက်ကား မြင့်ဦးအပေါ် ထားခဲ့သည့်အချစ်ကို ကြိုးစားကြိတ်မှိတ်၍ ဖြေဖျောက်တော့မည်။

ညိုညိုသည် လောကကြီးတွင် လူနှစ်မျိုးနှစ်စား ရှိသည့်အနက် ခံစားရခြင်းကို ရင်းနှီးတွယ်တာတတ်သည့် လူစားမျိုးထဲတွင် ပါဝင်သူဖြစ်လေ၏။သို့ဖြစ်၍ ယခုချစ်သူ ဆုံးရှုံးရတော့မည့်အရေးကို မည်သို့မျှ ပြန်လည်ရရှိ အောင် မကြိုးစားတော့ဘဲ ဆုံးရှုံးရခြင်းအရသာကိုသာ ကြိတ်မှိတ်၍ ခံစားတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်လေ၏။

* * *

ည၏ အမှောင်ထု ကွယ်ပျောက်၍ နေ့သစ်တစ်နေ့ ဆန်းခဲ့သည်နှင့်တစ်ပြိုင်နက် ညိုညိုသည် ချိုချိုနှင့် ဒေါ်လှမူတို့မနိုးခင် အိပ်ရာမှထကာ မျက်နှာသစ်၊ အဝတ်အစားလဲပြီး သိမ်ကြီးဈေးရှိ သူ့ဆိုင်ကလေးသို့ တစ်ကိုယ်တည်း ထွက်ခဲ့မိလေသည်။

တစ်နေ့လုံး ဆိုင်တွင်သာထိုင်လျက် ဖြစ်ပျက်သမျှတို့ကို မေ့ပျောက်ပစ်နိုင်ရန် ညိုညိုကြိုးစားနေမိလေသည်။ ထိုနေ့မှလည်း ထူးထူးခြားခြား ဈေးဝယ်သူပေါများလျက် အရောင်းရသွက်နေလေရာ သူ့တွင်လွတ်လွတ်လပ်လပ် တွေးတောနိုင်ခွင့် မရသဖြင့် အတော်ပင် စိတ်သက်သာရာရခဲ့လေ၏။ သို့နှင့်လည်း တစ်ခါတစ်ရံ "ကိုမြင့်ငါ့ကို မချစ်တော့ဘူး၊ ငါ့နေရာ ချိုချို ဝင်ယူသွားပြီ။ ငါတစ်သက်လုံး ဒီဆိုင်ကလေးနဲ့သာ အရိုးထုတ်သွားရတော့မှာပါကလား" ဟူသော အတွေးတို့သည် သူ၏တင်းထားရသောစိတ်ကို ပြောက်ကျားပြောက်ကျား ဝင်ရောက်တိုက်ခိုက်တတ်လေရာ ညိုညိုတွင် မနည်းကြီး အလုပ်တွင်သာ စိတ်အာရုံစူးစိုက်ခဲ့ရလေ၏။

နံနက် ၁၁ နာရီခန့်တွင်မူ သူ့အတွက် ဒေါ်လှမူက ထမင်းလာပို့လေသည်။ ဒေါ်လှမူ၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ရခြင်းအားဖြင့် ချိုချို့ဆီက သတင်းကို ကြားခဲ့ရပြီဖြစ်သည်ဟု ညိုညိုရိပ်မိလေသည်။ သို့ကြောင့် မေမေက ဘာတွေများ မေးနေဦးမှာလဲဟု သူတွေး၍ စိုးရိမ်နေမိလေ၏။

သို့ရာတွင် ဒေါ်လှမူကား အလိုက်သိလျက် နားလည်မှုရှိသော မိခင်ဖြစ်လေသည်။ သူမကြားလိုသော ကိစ္စနှင့်ပတ်သက်၍ မည်သို့မှ မေးမြန်းခြင်းမပြုသေးဘဲ ညိုညို့အား ထမင်းကိုသာ ဂရုတစိုက်ကျွေးလေသည်။ ညိုညို ထမင်းစားသောက်ပြီးစီးသွားသည့်အခါတွင်မှ ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်လှမူသည် တိုက်ရိုက်ပင် စကားဆိုလိုက်လေသည်။

"ချိုချိုက မေမေ့ကို ပြောပါကလား။ မောင်မြင့်ဦးက သူ့ကိုလက်ထပ်ပြီး မန္တလေးကို လိုက်ခဲ့ပါလို့ ခေါ်တယ်တဲ့ ဒါတကယ်ပဲလား ညိုညို"

"တကယ်မို့လို့သာ သူဒီလိုပြောတာပေါ့ မေမေ"ဟု ညိုညိုသည် မိခင်ဖြစ်သူ၏ မျက်နှာကို မကြည့်ဘဲ အဖြေပေးလိုက်လေသည်။ ဒေါ်လှမူကား ဤအခါမှပင် ညိုညို့

www.burmeseclassic.com

www.burmeseclassic.com



အား ပွင့်ပွင့်လင်းလင်းကြီး အကဲခတ်သည့် အမူအရာနှင့် လှမ်းကြည့်နေလေသည်။ ညိုညိုကား သူ့မျက်နှာကိုမဖော်၊ ခေါင်းငုံ့ကာ အထည်လိပ်တစ်လိပ်ကို ပေါင်ပေါ်တွင်တင်ပြီး ဖြေချည်ပတ်ချည် လုပ်နေလေ၏။ သို့တစေလည်း ဘေး တိုက်မြင်ရသည့် သူ့မျက်နှာကလေးမှာ သွေးမရှိတော့သကဲ့ သို့ ဖြူလျော်နေလျက် တင်းကျပ်စွာ စေ့ထားသော နှုတ် ခမ်းမှာလည်း မသိမသာ တုန်ရင်နေသည်ကို ဒေါ်လှမူ သတိပြုမိလိုက်လေသည်။ ထို့နောက် သူသည် စိတ်ညစ် သွားဟန်ဖြင့် ဟင်းခနဲ သက်ပြင်းကြီးတစ်ချက်ကို ချလိုက် မိလေ၏။

"ညိုညို မေမေမေးတာလည်း စိတ်မရှိနဲ့နော်။ ညို ညို့အပေါ် မောင်မြင့်ဦးက ဘယ်လို သဘောထားသေးသ လဲ"

"အို... အရှင်းကြီးပဲ မေမေ။ သူ ညို့အစား ချို့ကို ရွေးယူလိုက်တာဟာ သူ့သဘောကို အထင်းသားပြနေတာ ပေါ့"

ဒေါ်လှမူသည် ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်လေ သည်။

"အို... ဒီလိုလည်း မဟုတ်သေးဘူးလေ။ မောင်မြင့် ဦးက ညို သူ့နောက်လိုက်ဖို့ကို ငြင်းလိုက်လို့ ညို့ကိုယ် စား ချို့ကိုခေါ်တာမဟုတ်လားကွဲ့။ ခု ညိုက သူခေါ်ရာ နောက် လိုက်တော့မယ်ဆိုတာကို သူသိရရင် ဒီလိုဘယ် ဖြစ်မလဲ၊ ချိုကလည်း ညိုလိုက်တော့မယ်ဆိုတာကို မသိ လို့ ဒီလို ညို့နေရာကို သူဝင်ယူလိုက်တာ ဖြစ်ပါလိမ့်မယ်။ ဒီတော့ ချိုချို့ကို မေမေက အကျိုးအကြောင်း ရှင်းပြလိုက် မယ်လေ"

"အို... ဒီလိုမလုပ်ပါနဲ့"

ဤအခါမှပင် ညိုသည် ဒေါ်လှမူအား မော့်ကြည့် ကာ ခပ်ဆတ်ဆတ်ပြောလိုက်လေသည်။

"သူတို့နှစ်ယောက် ကိစ္စထဲမှာ မေမေဘာမှ ဝင်မစွက် ပါနဲ့။ သမီးလည်း ဘာမှ ဝင်မစွက်ဖို့ စိတ်ပိုင်းဖြတ်ထား လိုက်ပြီ"

ဒေါ်လှမူသည် အံ့အားသင့်စွာ ညိုညို့ကို ကြည့် လိုက်လေသည်။

"ဟဲ့... ဘာဖြစ်လို့တုန်းကွဲ့။ ဒီလိုဖြစ်ရတာဟာ မောင်မြင့်ဦးက ညို့အပေါ် အထင်လွဲလို့ ဖြစ်ရတဲ့ဥစ္စာပဲ။ ရှင်းပြလိုက်ဖို့တော့ ကောင်းတာပေါ့"

ညိုညိုသည် ခေါင်းခါပြလေသည်။

"မေမေ မသိပါဘူး၊ ကိုမြင့်ဒီလိုလုပ်သွားတာဟာ ညို့အပေါ် အထင်လွဲတာက တော်တော်ပါ။ သူ ညို့အပေါ် မှာ မေတ္တာတုံးသွားလို့သာ ဒီလောက်လွယ်လွယ်ကူကူ အစ်မကပြောင်းပြီး ညီမကို ယူနိုင်တာပေါ့။ ဒီတော့ ရှင်းပြ နေလို့လည်း သူမှ ညို့ကို မချစ်တော့တာ အပိုပဲ ဖြစ်နေပါ့ မယ်။ ဒီတော့ ဒီအတိုင်းသာ ဖြစ်သွားပါစေတော့မေမေ။ မေမေကလည်း ဒီကိစ္စမှာ ဘယ်လိုမှ ဝင်မစွက်ပါနဲ့။ ဝင် စွက်လို့ရှိရင်တော့ မေမေ ညို့ကို အဆိုးမဆိုနဲ့"

ဒေါ်လှမူကား ညိုညို့အား ဘယ်လိုမှ ဆက်လက်၍ မပြောဝံ့တော့ပေ။ သမီးဖြစ်သူ အနေအထိုင် တည်ကြည် ကျနေ့ရသလောက် စိတ်ကြီးလှသည်ကို သိရှိပြီး ဖြစ်လေ သည်။ တစ်စုံတစ်ရာကို စိတ်ပိုင်းဖြတ်ပြီးက မည်သို့ပင် ပြောင်းလဲပါဦးဟု တိုက်တွန်းစေကာမူ ညိုညိုသည် သူ၏ ဆုံးဖြတ်ချက်မှ ဆံခြည်တစ်မျှင်မျှပင် တိမ်းဖယ်မည်မဟုတ် သည်ကို ဒေါ်လှမူသည် ယခင်က ကြုံတွေ့ခဲ့ရဖူးပြီဖြစ် သည့်အတွက် နားလည်ပြီးဖြစ်လေသည်။ သို့ကြောင့် ဒေါ် လှမူလည်း နှုတ်ပိတ်ကာ ထိုကိစ္စနှင့်ပတ်သက်၍ သမီးအ ကြီးအလိုလည်း ပြည့်စုံပါစေ၊ သမီးအငယ်လည်း မထိခိုက် ပါစေနှင့်ဟု ဆုတောင်းလျက် အိမ်သို့ပြန်ခဲ့ရလေ၏။

ညနေ ဆိုင်သိမ်းပြီး ညိုညို အိမ်သို့ ပြန်သွားသည့်အ ခါ၌ အိမ်ရှေ့ဧည့်ခန်းတွင် ကုလားထိုင်တစ်လုံးပေါ်တွင် မြင့်ဦး တစ်ကိုယ်တည်း ထိုင်နေသည်ကို ပက်ပင်းသွားတိုး နေလေတော့သည်။ လေးနှစ်လုံးလုံး ချစ်ခဲ့ရသည့် ချစ်သူ ကို ယခုလို ပက်ပင်းရင်ဆိုင်တွေ့ရပြန်သည့်အခါ၌ ညိုညို့ တွင် ဘယ်လိုပင် စိတ်တင်းထားရစေကာမူ ရင်ထဲတွင် တော့ တဖျတ်ဖျတ်လှုပ်ရှားလာမိတော့လေသည်။ မြင့်ဦး တွင်လည်း သူ့ကိုမော့်ကြည့်ရာက ထိုနည်းတူစွာပင် စိတ် လှုပ်ရှားနေဟန် တူလေသည်။

"ဪ၊ ညို ပြန်လာပြီလား"

"ဟုတ်ကဲ့ ကိုမြင့် ပြန်လာပြီ"

"ဘယ့်နှယ်လဲ ဒီနေ့ရောင်းကောင်းရဲ့လား"

"အသင့်အတင့် ဆိုပါတော့"

ပြောစရာစကား ရှာမတွေ့သော သူတို့နှစ်ယောက် သည် ဤသို့သောစကားတို့ဖြင့်သာ သူတို့၏ကျနေ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဆည်နိုင်ရန် ကြိုးစားနေကြလေ၏။ ညိုညိုကား စကား ပင်ပြောနေရသော်လည်း အသံကိုမတုန်စေဘဲ ပေါ့ပေါ့ဆဆ နှင့် သံမှန်ဖြစ်စေဖို့ကို မနည်းကြိုးစားနေရလေသည်။ ပြောစရာစကားများ ကုန်ဆုံးသွားခဲ့သည့်အခါ၌မူကား သူတို့ နှစ်ယောက်တွင် ရှေ့သို့ ဘယ်လိုစကားဆက်ရတော့မည်ကို မသိတော့။ တစ်ယောက်ကိုတစ်ယောက် ကြောင်အမ်းအမ်းသာလျှင် ဖြစ်နေမိကြလေ၏။ နောက်ဆုံးတွင် လွှမ်းမိုးနေသည့် တိတ်ဆိတ်မှုကို မြင့်ဦးက ပထမဦးစွာ ဖောက်ဖျက်လိုက်လေသည်။

"အတော်ဆန်းတာပဲ"

"ဟင် ဘာဆန်းတာလဲ ကိုမြင့်"

"အို ဖြစ်တုန်းက အစ်မနဲ့ဖြစ်ပြီး ညားတော့ ညီမနဲ့ ညားရမှာကိုပါ"

ဘာလဲ သူက ငါ့ကို လှောင်နေတာလားဟု တွေးရာက ညိုညိုသည် မျက်နှာကလေး နီမြန်းလာလေသည်။ နှုတ်ခမ်းကလေးကိုကိုက်ကာ စိတ်ကိုတင်းလိုက်ပြီးနောက်မှ မြင့်ဦး၏ စကားကို အဖြေပေးလိုက်လေသည်။

"အို မဆန်းလှပါဘူး။ တစ်ယောက်ကိုတစ်ယောက် ချစ်ကြတော့တာမှ မဟုတ်တာ။ ဒီလို စောစောစီးစီး အကြောင်းသိရတာကိုပဲ ကောင်းပါတယ်။ အချစ်ဆိုတာ အဆန်းသားကလား ကိုမြင့်ရဲ့။ ဘယ်လောက်ကြာအောင် ချစ်နေခဲ့ကြပေမဲ့ အချစ်ကုန်သွားကြတဲ့ အချိန်ကျတော့လည်း မပြောမဆို ဗြုန်းခနဲ ကုန်သွားကြတာမျိုးကလား။ ခက်တာက လူတွေဟာ ဒီအချက်ကို မသိကြဘဲ အကြာကြီး ချစ်လာရတာကိုထောက်ပြီး တစ်ယောက်အပေါ် တစ်ယောက် အချစ်ကုန်နေကြတာကိုမရိပ်မိဘဲ ယူလိုက်ကြရော။ ဟော ရပြီးတော့မှ ဒီအကြောင်းကိုသိရတော့ နှစ်ယောက်စလုံး တစ်သက်လုံး စိတ်မချမ်းသာကြတော့ဘူး"

ညိုညိုကား ဤစကားများကို နှုတ်မှ ကရားရေလွှတ် တတွတ်တွတ် ပြောနေရသည့်တိုင် ရင်တွင်းဝယ် ဆူပွက်လှုပ်ရှားလျက် ရှိနေမိလေသည်။ လေးနှစ်လုံးလုံး ချစ်လာခဲ့ကြပြီးမှ လွယ်လွယ်ကူကူ ဒီလိုအချစ်ကုန်သွားနိုင်မည်ဟု သူ၏စိတ်ရင်းတွင်တော့ ဘယ်နည်းမှ မယုံကြည်နိုင်။ မြင့်ဦးကတော့ သူ၏စကားတွေကို သဘောကျနေမှာပေါ့။ သူ့အပေါ် အချစ်ကုန်နေမှကိုး။ ဒါပေမဲ့ အခုထက်တိုင် အသည်းထဲတွင် တမြည့်မြည့် ချစ်နေမိသည့် သူ့ကိုယ်တိုင်တွင်တော့ ပြောလိုက်သောစကားများမှာ သူ့အသည်းညှာကို အပိုင်းပိုင်း အစိတ်စိတ် ဖြတ်တောက်ပစ်နေသကဲ့သို့ ရှိနေတော့လေ၏။

မြင့်ဦးကား ညိုညိုစကားဆုံးသွားသည့်အခါတွင်မှ နှုတ်ခမ်းကိုတွန့်လျက် ညိုညိုအား လှမ်းကြည့်လိုက်လေသည်။

"ဟုတ်တယ်... ညိုညိုပြောတာ မှန်တယ်။ ဒီလို တစ်ယောက်အကြောင်းတစ်ယောက် စောစောစီးစီး သိရတာပဲ ကောင်းပါတယ်။ ဒီတော့မှ ညိုလည်း ကိုယ်ကြိုက်တဲ့ဘဝမှာ ကိုယ်နေနိုင်၊ ကိုမြင့်လည်း ကိုယ်ကြိုက်တဲ့ဘဝကို ရွေးနိုင်တာပေါ့"

ညိုညို၏ ရင်ထဲ၌ နင့်ခနဲဖြစ်သွားမိလေသည်။ ကိုမြင့်လည်း ကိုယ်ကြိုက်တဲ့ဘဝကို ရွေးနိုင်တာပေါ့တဲ့။ ဆိုလိုတာကတော့ သူကြိုက်တဲ့ ချိုချိုကို ရွေးခွင့်ရတာပေါ့လို့ ဖြစ်သွားမှာပဲ။

သူတို့နှစ်ယောက်စလုံးပင် ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်သွားကြပြန်လေသည်။ ထိုအတွင်း "ကိုကိုမြင့် စောင့်နေရတာ ပျင်းပြီလား" ဟူသော ကြည်လင်သည့် အသံကလေးနှင့်အတူ ချိုချိုသည် အခန်းထဲသို့ လေဝင့်ရာ ကြွေလွင့်လာသည့် ဝါဂွမ်းပုံကလေးပမာ ဝင်ရောက်လာလေသည်။ လောကတွင် ပူပင်စရာ တစ်စုံတစ်ခုမှ မရှိသကဲ့သို့ ပြုံးချိုရွှင်ကြည်နေသော မျက်နှာကလေးနှင့် သူ၏ အချိုးအဆက် ပြေပြစ်ညီညာလှသည့် ကိုယ်လုံးကလေးကို အပေါ်လွှင်ဆုံး ရုပ်ဖော်ပြထားသည့် အဝတ်အစားများကို ဝတ်ဆင်ထားသည့် ချိုချို့မှာ အစွမ်းကုန်လှကာ ချစ်စရာကောင်းလျက် ရှိနေလေသည်။ သူ့ကို တွေ့ရလျှင်တွေ့ရချင်း မြင့်ဦး၏မျက်နှာမှာ ပြုံးရယ်လာလျက် မျက်လုံးများလည်း အရောင်တောက်လာသည်ကို တွေ့ရသည့် ညိုညိုတွင် အတော်ကလေး စိတ်ထိခိုက်သွားမိတော့လေ၏။

"သြော် ... မမ ပြန်ရောက်လာပြီလား။ ကိုကိုမြင့်က ချိုချို့ကို ထရီ(တ)ပေးမလို့တဲ့။ ညစာကို ချိုချိုမစားတော့ဘူး မမ"

ညိုညိုသည် နှုတ်မှအဖြေမပေးနိုင်။ ခေါင်းကိုသာ ညိတ်ပြလိုက်ရလေ၏။ သူတို့နှစ်ယောက် ယှဉ်တွဲလျက် ထွက်ခွာသွားကြသည့် အခါတွင်မူကား ညိုညိုတွင် ဟန်မဆောင်နိုင်တော့ဘဲ ကပျာကယာ သူ့အိပ်ရာဆီသို့ပြေး

www.burmeseclassic.com

www.burmeseclassic.com



သွားလျက် ခေါင်းအုံးတွင် မျက်နှာအပ်ကာ လှိုက်လှိုက်လှဲလှဲ ငိုပစ်လိုက်မိတော့လေ၏။

* * *

နောက်နေ့များတွင်လည်း မြင့်ဦးသည် ညနေတိုင်းဆိုသလို ညိုညိုတို့အိမ်သို့ ရောက်ရှိလာတတ်လေသည်။ သို့တစေလည်း သူလာသည်ကား သူ့ကိုတွေ့ရန်မဟုတ်။ သူချစ်သူအသစ်စက်စက် ချိုချိုကိုသာ တွေ့ရန်ဖြစ်သည်ဟု တွေးမိသော ညိုညိုကား သူ့ရင်တွင်း၌ မျိုသိပ်ထားရသမျှတို့ ပြင်ပသို့ ပေါက်ကွဲမထွက်စေရန် မနည်းကြီး ချုပ်တည်းထားခဲ့ရရှာလေ၏။

လူတို့မည်သည် ဘယ်လိုပင် ဟန်ဆောင်ကောင်းသော်လည်း တစ်နေ့နေ့ကျတော့ မြိုသိပ်ထားရသော အတွင်းစိတ်ထားတို့ ပေါက်ကွဲထွက်တတ်စမြဲ ဖြစ်လေသည်။ ထိုအချက်ကို ညိုညိုကောင်းစွာသိသည်ဖြစ်လေရာ မိမိတစ်နေ့တွင် ဟန်ဆောင်မကောင်းနိုင်တော့ဘဲ ချိုချိုနှင့်မြင့်ဦးရှေ့တွင်ပင် သူကျိတ်၍ ခံစားနေရသမျှသော စိတ်ဝေဒနာတို့ ဘူးပေါ်သလို ပေါ်ကုန်မည်ကို အင်မတန်မှ စိုးရိမ်နေမိလေ၏။ သို့ကြောင့်လည်း ချိုချိုနှင့် မြင့်ဦးတို့၏ကိစ္စ ခပ်မြန်မြန်ကြီး ပြီးပြတ်သွားလျက် သူတို့နှစ်ယောက်စလုံး မိမိ၏ မျက်စိအောက်မှ ပျောက်ကွယ်သွားရန်ကိုသာ ညိုညို့တွင် စိတ်စောနေမိတော့လေ၏။

မြင့်ဦးကိုလည်း နှစ်ယောက်တည်း မျက်နှာချင်းမဆိုင်မိစေရန် အမြဲကြိုးစား သတိထားခဲ့လေသည်။ အောတွင် မည်သူမှမရှိဘဲ မြင့်ဦးနှင့် ကြာရှည်စွာ မျက်နှာချင်းဆိုင်ရပါက သူ့ကို အမြဲအကဲခတ်နေပုံရသော မြင့်ဦး၏ ရင်ခွင်တွင်ခေါင်းအပ်ကာ ချုံးပွဲချငိုပစ်လိုက်မိမည်ကို စိုးရိမ်မိသောကြောင့် ဖြစ်လေ၏။

ပြင့်ဦးနှင့် ချိုချိုတို့သည် စနေနေ့တွင် တရားသူကြီးရှေ့၌ လက်ထပ်ရန် စီမံထားကြလေသည်။ သို့ကြောင့် သောကြာနေ့ညသို့ ရောက်ခဲ့သည့်အခါ၌ကား ညိုညိုတွင် စိတ်သက်သာရာ ရလာသလိုလို ဖြစ်လာတော့လေသည်။ တနင်္ဂနွေနေ့တွင် မြင့်ဦးနှင့်ချိုချိုတို့သည် မန္တလေးသို့ သွားကြရတော့မည်ဖြစ်လေရာ သူတို့မရှိသည့်နောက် ညိုညိုတွင် ဆက်လက်၍ ဟန်ဆောင်နေရန်မလိုတော့ပေ။ ဟန်ဆောင်ရခြင်းအလုပ်ကား လောကတွင် အခံရအခက်ဆုံး ဝေဒနာတစ်ခုဖြစ်သည်ကို လက်တွေ့ခံစားနေရသော ညိုညို သိရှိခဲ့ရလေသည်။

သို့ပေမဲ့လည်း သူ့ကို အတွင်းကြိတ် စိတ်ဆင်းရဲအောင် ပြုနေသည့် သူတို့နှစ်ယောက် သူ့မျက်စိအောက်မှ ပျောက်ကွယ်သွားရတော့မည့်နေ့ နီးကပ်လာပြီဖြစ်သည့်တိုင် တစ်နေ့တွင် မိမိ၏ရာသက်ပန်ချစ်သူဖြစ်ရတော့မည်ဟု ရည်မှန်းထားခဲ့သော မြင့်ဦးအား ညီမချိုချိုလက်တွင် မနက်ဖြန်၌ အပြီးအပိုင်အပ်ရတော့မည်ဟု တွေးမိပြန်သည့်အခါ၌လည်း ညိုညို့တွင် ဆုံးရှုံးခြင်း၏ အရသာကို တမြည့်မြည့် ခံစားရပြန်လေ၏။

ထိုနေ့ညဥ့်မှ သူတို့အိမ်သို့ မြင့်ဦး ခါတိုင်းကဲ့သို့ ရောက်မလာပေ။ တနင်္ဂနွေနေ့တွင် မန္တလေးသို့ အလုပ်ပြောင်းရမည်ဖြစ်၍ ထိုနေ့ည မိုးချုပ်သည့်အထိ လုပ်လက်စ အလုပ်များကို ရှင်းလင်းရမည်ဟု ချိုချို့အား ပြောသွားသည်ကို ညိုညိုသိရလေသည်။

ညအိပ်ရာဝင်သည့်အချိန်တွင် ချိုချို့အိပ်ခန်းထဲသို့ ညိုညိုဝင်လာလေသည်။ သူမ၏ လက်ထဲတွင်ကား စက္ကူထုပ်တစ်ထုပ် ပါလာလေသည်။ ချိုချိုသည် အိပ်ရာပေါ်တွင် လှဲနေရာမှ အစ်မဖြစ်သူအား မော်ကြည့်လိုက်လေသည်။ ဤအကြိမ်ကား မြင့်ဦး၏ အချစ်ပြောင်းသွားပြီးနောက် ညီအစ်မနှစ်ယောက် နှစ်ယောက်ချင်း ပထမဦးဆုံး မျက်နှာချင်းဆိုင်မိကြခြင်း ဖြစ်လေသည်။

"အို မမ မအိပ်သေးဘူးလား"

"အေး ချိုချို့ကို မမ မင်္ဂလာလက်ဆောင်ပေးမလို့"

"အို ဟုတ်လား ဘာများလဲ မမ"

ညိုညိုသည် ညီမ၏အေား ခုတင်ပေါ်တွင် ဝင်ထိုင်လိုက်ရာက လက်ထဲမှ စက္ကူထုပ်ကို ဖွင့်ကြည့်ပြီးနောက် "အို... "ဟုဆိုကာ ညိုညိုအား မော်ကြည့်လိုက်လေသည်။

"ဒါ မမ ကိုကိုမြင့်နဲ့ မင်္ဂလာဆောင်ရင်ဝတ်ဖို့ဆိုပြီး ဝယ်ထားတဲ့ အဝတ်တွေပါကလား"

"အေးလေ ဒီအဝတ်တွေကို မမ ဝတ်ဖို့မှ မလိုတော့ဘဲနဲ့။ ချိုချို့ကို လက်ဆောင်ပေးလိုက်တာ အကောင်းဆုံးပဲလို့ လာပေးတာပဲ"

ချိုချိုသည် ပေါင်ပေါ်တွင် နုံ့သာရောင် ပိုးအင်္ကျီတစ်ထည်နှင့် ရွှေဖလားရောင် ဘန်ကောက်လုံချည်ကို ဖြန့်ကြည့်ပြီး လက်နှင့် ပွတ်သပ်နေရာက ခပ်တွေတွေကလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေသည်။ ထို့နောက် ညိုညိုအား သူမ ဆတ်ခနဲ မော်ကြည့်လိုက်လေသည်။

"မမ ချိုချို တစ်ခုမေးပါရစေ"

"ဘာများလဲ ချိုချို"

ချိုချိုသည် ရုတ်တရက်စကားမပြောသေးဘဲ သူ၏ နှုတ်ခမ်းကလေးကို ကိုက်ထားလေသည်။ ပြီးမှ–

"မမ ချိုချို့ကိုများ စိတ်ခုနေသလားဟင်"

ညိုညို့ရင်ထဲတွင်တော့ ဒိတ်ခနဲဖြစ်သွားလေသည်။ လာပြီ ဒီမေးခွန်း၊ ဒီမေးခွန်းကို သူဖြေရမည်ကို ကြောက်ရွံ့နေမိခဲ့သည်။ မဖြေပါရစေနဲ့လို့လည်း ဆုတောင်းမိခဲ့လေသည်။ ဒါပေမဲ့ ခုတော့ ဖြေရပေတော့မည်။

"အို မမက ဘာလို့စိတ်ခုရမှာလဲ ချိုချိုရဲ့"

"မမ စိတ်ခုစရာအကြောင်းတွေ အများကြီးရှိတာပဲ။ အရေးကြီးဆုံးအကြောင်းကတော့ မမ ရည်းစားကို ချိုချို လုမိတာပဲ။ ဟုတ်ပါတယ် မမရယ်။ ချိုချို ဝန်ခံပါတယ်၊ မရှက်ပါဘူး၊ ချိုချိုဟာ ရည်စားလုတဲ့ ကောင်မလေးပါ"

ဘွင်းဘွင်းပြောတတ်တဲ့ ချိုချို ဒါကြောင့်လည်း ကိုမြင့်က သူ့ကို ငါ့အစား ချစ်မိတာပဲ ထင်ပါရဲ့။ ညိုညို သည် စိတ်တင်းနိုင်သမျှ တင်းကာ ချိုချိုအား မျက်လုံးချင်း ဆိုင်လျက် ကြည့်လေသည်။

"ချိုချို ညည်းမရူးစမ်းပါနဲ့။ ညည်းက ကိုမြင့်ကို လုယူတာမှ မဟုတ်ဘဲနဲ့။ ကိုမြင့်က မမအစား ချိုချို့ကိုသာ ရွေးယူလိုက်တဲ့ ဥစ္စာပဲ"

ချိုချိုသည် သူ့မမ မျက်နှာကိုသာ တစိမ့်စိမ့် ကြည့်ရှု နေလေသည်။ ညိုညိုကား သူ့မျက်နှာကို လွှဲပစ်လိုက်ရာက စကားဆက်ပြန်လေသည်။

"အေး ချိုချို့ကိုတော့ မမ တစ်ခုသတိပေးချင်တယ်။ ကိုမြင့်ဟာ လူကောင်းတစ်ယောက်ပဲ။ သူ့ကို မမ နှစ်နှစ် ကာကာ ချစ်...ခဲ့သလို ချိုချိုကလည်း သူ့ကို ချစ်ပါကွယ်။ မမအတွက်နဲ့ သူတစ်ခါ စိတ်ထိခိုက်ခဲ့ရပြီ။ ဒီတော့ ချိုချို က သူ့ကို စိတ်ထိခိုက်အောင် မလုပ်ပါနဲ့ကွယ်။ သူက ချိုချို့ကို ချစ်သလို ချိုချိုကလည်း သူ့ကို ပြန်ချစ်ကွဲ့။ မမမှားသလို မမှားစေနဲ့။ ယောကျ်ားတွေရဲ့ အချစ်ဟာ ပန်းပင်ကလေးလိုပဲ။ ကိုယ်ကိုယ်တိုင်က ဂရုတစိုက် ရေ လောင်းပေးမှ၊ နို့မို့ရင် ရေမတွေ့ဘဲ ပန်းပင်ဟာ ညှိုးခြောက် သွားသလို သူတို့ရဲ့ အချစ်ဟာလည်း ညှိုးခြောက်သွား တတ်တယ်"

ပြောရင်း ပြောရင်းကပင် ညိုညို၏အသံမှာ တိမ်မြုပ် ပျောက်ကွယ်သွားခဲ့လေ၏။ အမှန်တော့ သည်စကားတွေ ကို သူဘယ်တော့မှ မပြောဟု ထင်မိခဲ့၏။ ခုတော့ အလိုလို နှုတ်မှ ထွက်သွားမိလေပြီ။ ချိုချိုက သူ့ကို ဘယ်လိုထင်မ လဲ။ ညိုညိုသည် ကပျာကယာ ထိုင်ရာမှ ထလိုက်လေ သည်။

"မမ မမ ကိုကိုမြင့်ကို ချစ်တုန်းပဲ မဟုတ်လား မမ ရယ်"

ချိုချိုသည် ညိုညို့ကို မော်ကြည့်ရာက တည်ငြိမ် သော အသံနှင့် မေးလိုက်လေသည်။ ဒီမေးခွန်းကို ညိုညို က ပြန်မဖြေ။

"အို... ညည်းဘာတွေ မေးနေတာလဲ"ဟုသာ ခပ် ဆတ်ဆတ်ပြောရာက နှုတ်ပင်မဆက်နိုင်တော့ဘဲ အခန်း ထဲမှ ပြေးထွက်လာခဲ့လေ၏။

ထိုညတစ်ညလုံး ညိုညိုအိပ်မပျော်နိုင်ပေ။ မနက်ဖြန် မြင့်ဦးအား အပြီးအပိုင် ဆုံးရှုံးရတော့မည်ဟူသည့် အတွေး သည် သူ၏အသည်းဆိုင်ကို ပိုးထိုးနေဘိသည့်အလား၊ တရွရွ ကိုက်ဖြတ် ချေမွလျက်ရှိနေလေ၏။ ဒီလို မြင့်ဦးအား ဆုံးရှုံး ရလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်မိခဲ့။ ဒါပေမဲ့ ခုတော့ သူမ လက်တွေ့ကြုံတွေ့နေရလေပြီ။ တကယ်တော့ လည်း ဒီလိုဖြစ်သည်မှာ သူမ၏ အပြစ်သာလျှင် ဖြစ်လေ သည်။ ဘယ်သူ့ကိုမှ အပြစ်တင်နေစရာမလို။ ဟုတ်လှ သည်။ ယောကျ်ားတို့၏ အချစ်ကား ပန်းပင်ကလေးနှင့် တူသည်။ ရေလောင်းနိုင်ပါမှ သန်စွမ်းလာတတ်သည်။ ရေနှင့်ကင်းဝေးပါက ချစ်ပန်းပင် ညှိုးခြောက်သွားတတ် လေသည်။ ဒါပေမဲ့ ဒီအချက်ကို သူ အသိနောက်ကျခဲ့ လေပြီ။

တဟင်းဟင်း တလူးလူး တလိမ့်လိမ့်နှင့်တွေးရာက ညိုညိုသည် ညဥ့်အတော်နက်မှ အိပ်ပျော်သွားလေသည်။

သူအိပ်ရာမှ နိုးသည့်အခါ၌ကား နေအတော်မြင့်နေ လေပြီ။ မျက်စိနှစ်လုံးပွင့်လာလျှင်ပွင့်လာချင်း သူ တွေးမိ သည့်အရာကား သည်ကနေ့ ကိုမြင့်ဦးကို သူများလက် ဝကွက်အပ်လိုက်ရတော့မည်ဟူသည့် အတွေးပင်ဖြစ်လေ ၏။ အသည်းဆိုင်တစ်ပြုံလုံးကို ဆွဲထုတ်ယူလိုက်သည့်အ လား သူ၏ရင်ထဲတွင် ဟာသွားပြီးနောက် တစ်ဖော်သို့

www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်ရာ ခုတင်ပေါ်တွင် ခြေလွဲလွဲချထိုင်နေသည့် ချိုချို့ကို တွေ့လိုက်ရလေသည်။ ချိုချိုကား မတုန်မလှုပ် ထိုင်နေရာက ပြူတင်းပေါက်ဆီသို့ ငေးမျှော်ကြည့်နေလေသည်။

"ဟင်... ချိုချို ဘာလုပ်နေတာလဲ"

ဤတွင်မှ ချိုချိုသည် သူမအား လှည့်ကြည့်ပြီး ပြုံးလိုက်လေသည်။ ချိုချိုသည် မျက်တွင်းများကျလျက် မျက်နှာကလေးမှာလည်း မသိမသာ ညှိုးနွမ်းနေသည်ကို ညိုညို သတိပြုမိလေသည်။ ညက အိပ်ပျက်ခဲ့လို့ ထင်ပါရဲ့။ မနက်ဖြန် မင်္ဂလာဆောင်ကြရတော့မည့် သတို့သမီးကား ညတွင် ဟိုဟာတွေးဒီဟာတွေးနှင့် အိပ်ပျက်တတ်ကြစမြဲ ဖြစ်လေသည်။

"မမ နိုးပြီကိုး။ ဂွတ်မောနင်း မမ"

"မောနင်း ချိုချို၊ နေပါဦး ဘာလို့ထူးထူးခြားခြား မမနိုးအောင် ထိုင်စောင့်နေရတာလဲ"

"ဩော် ...မမကို ပေးစရာတစ်ခု ရှိလို့ပါ" ဟု ချိုချိုက ပြောပြောဆိုဆို သူ၏ ပေါင်ပေါ်မှ စက္ကူထုပ်ကို ညိုညို့ရင်ဘတ်ပေါ်တွင် တင်ပေးလိုက်လေသည်။ ထိုစက္ကူထုပ်ကား ညက သူလက်ဆောင်ပေးခဲ့သည့် မင်္ဂလာအဝတ်အစားများ ဖြစ်လေ၏။

"ဟင် ချိုချို ဒါတွေ ဘာလို့ ပြန်ပေးတာလဲ မကြိုက်လို့လား"

ချိုချိုသည် နှုတ်ခမ်းကလေးကို ပြုံးယောင်ယောင်တွန့်၍ အစ်မဖြစ်သူအား ကြည့်လိုက်လေသည်။

"မဟုတ်ပါဘူး၊ မမကို ချိုချိုက မင်္ဂလာလက်ဆောင် ပြန်ပေးတာပါ။ ဒီအဝတ်တွေကို ချိုချို မဝတ်တော့ဘူး"

"ဘာ"

ညိုညိုသည် အိပ်နေရာမှ ဝေါက်ခနဲထထိုင်မိလေသည်။ သူ့ရင်ထဲမှ အသည်းနှလုံးကား ပေါက်ကွဲထွက်လုမတတ်၊ တဒိန်းဒိန်း ခုန်နေလေ၏။

"ချိုချို ညည်းဘာပြောလိုက်တာလဲ"

ချိုချိုသည် ခနဲ့ပြုံး ပြုံးလိုက်လေသည်။

"မမ ကိုမြင့်ကို မမပဲ ပြန်ယူပေတော့။ ချိုချိုမယူနိုင်တော့ဘူး"

ညိုညိုသည် မျက်နှာကလေး နီမြန်းလာလေသည်။ ချိုချိုကား ဒီလောက်အရေးကြီးသည့်ကိစ္စကို ကလေးကစားစရာများ အောက်မေ့နေရော့သလား။

"ညည်းက ဘာသဘောနဲ့ ဒီလိုပြောလိုက်တာလဲ"

"ချိုချိုပြောပါပကော ကိုမြင့်ကို ချိုချို မယူနိုင်တော့ဘူး။ မယူနိုင်တော့ဘူးလို့ပြောတာကို မမ သတိပြုနော်။ မမကို သနားလို့ ဒီလိုပြန်ပေးနေတာ မဟုတ်ဘူး"

"နေပါဦး ညည်းဟာက ခုတစ်မျိုး၊ ခုတစ်မျိုး ဘာသဘောလဲ" ဟု ညိုညိုသည် ကြားရသောစကားများကို နားမလည်နိုင်သဖြင့် စိတ်တိုစွာ မေးလိုက်မိလေသည်။

ချိုချိုကား အစ်မဖြစ်သူ၏ မျက်နှာကို ထူးခြားစွာ ကြည့်ရာက အသံကလေး ထွက်အောင် ရယ်လိုက်လေသည်။

"ဩော်... မမ မမ ဒီထိအောင်ပဲ အရသလား မမရယ်။ ချိုချိုက ကိုမြင့်ကို မမရှေ့မှာပဲ ကြောင်တောင်နိုက်ယူဝံ့မယ်လို့ မမ တကယ်ပဲ ထင်နေသလားဟင်"

ညိုညိုကား တဒိတ်ဒိတ်ခုန်နေသော ရင်ကြောင့် စကားမပြောနိုင်ဘဲ ချိုချိုကိုသာ ခပ်တွေတွေကလေး ကြည့်နေမိလေ၏။ ချိုချိုသည် အစ်မဖြစ်သူ၏ ပခုံးကို အားမလိုအားမရ ဆွဲလှုပ်လိုက်ရာမှ မချင့်မရဲ အသံဖြင့် စကားဆက်ပြန်လေသည်။

"မမ ချိုချိုပြောတာကို ခုထက်ထိ နားမလည်သေးဘူးလားဟင်။ ချိုချို ကိုမြင့်ကိုယူဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ပါဘူး။ ကိုမြင့်ဟာ ချိုချို့လို မိန်းကလေးတွေအတွက် မကိုက်ပါဘူး။ မမနဲ့ ကိုမြင့်တို့ သဘောချင်းကွဲလွဲပြီး အခြောက်တိုက် ခွာပြဲတော့မလိုဖြစ်နေတာကိုတွေ့ရတော့ ချိုချိုလည်း ကြားထဲက မဆီမဆိုင်၊ အားမလိုအားမရ ဖြစ်မိခဲ့တယ်။ ကိုမြင့်ကိုလည်း သနားမိတယ်။ မမကိုတော့ ဒါလောက်တောင် တာဝန်သိတတ်တဲ့ သူတော်ကောင်းမကြီးရယ်လို့ စိတ်ထဲက ကျိတ်ပြီး မခံချိမခံသာဖြစ်မိခဲ့တယ်။ ဒါကြောင့်မို့လို့ မမဟာ ကိုမြင့်ကို တကယ်ပဲ ချိုချိုတို့ထက် ချစ်နိုင်မချစ်နိုင် စိတ်စမ်းကြည့်မယ်လို့ ချိုချို ဒီလိုလုပ်ခဲ့တာပါ။ နောက်ပြီး မမဟာ ချိုချိုနဲ့ ကိုမြင့်ကို မနာလိုလာပြီး ကိုမြင့်အပေါ် စိတ်ပြန်လည်လာအောင်လို့လည်း ရည်ရွယ်ချက်ထားခဲ့ကြတယ်"

ချိုချိုသည် ဤသို့ပြောပြီးနောက် ပခုံးကလေးနှစ်ဖက်ကို တွန့်လိုက်လေသည်။

"အဲဒါ ငါက ဘာလုပ်ရမှာလဲ" ဟု ညိုညိုက နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ခမ်းကလေးကိုမှဲ့ကာ အောက်ကလီအာ မေးလိုက်ပြန်လေသည်။

"ခက်ပါဘိမမရယ်။ မမဟာ ကိုမြင့်ကို ချစ်တုန်းပဲ မဟုတ်လား။ ဒီတော့ ချိုချို့နေရာကို ပြောင်းလိုက်ရုံပေါ့။ မမညက ပြောခဲ့တဲ့ စကားကို မေ့သွားပလား။ ယောကျ်ားတွေရဲ့အချစ်ဟာ ပန်းပင်ကလေးနဲ့တူတယ်ဆိုတာလေ။ တကယ်ဆိုတော့ ကိုမြင့်ဟာ မမကို ချစ်တုန်းပါပဲ၊ မမက သူ့ကို ဂရုမစိုက်ဘူးလို့ ထင်နေလို့သာ မမကို အရွဲ့တိုက်တဲ့သဘောနဲ့ သူဒီလိုတမင်လုပ်နေတာပါ မမရဲ့"

ချိုချိုပြောနေသမျှကို ညိုညိုသည် တွေတွေကလေးပင် နားထောင်နေလေသည်။ သို့ရာတွင် သူမ၏မျက်လုံးအစုံကား အရောင်တလဲ့လဲ့ တောက်လာနေပြီ ဖြစ်လေ၏။ အမှန်တော့ ချိုချို၏ စကားလုံးများကား သူ့ဦးနှောက်ထဲတွင် ချာလပတ်လည်လျက် ရှိနေလေ၏။ ကြောင်တက်တက် ဖြစ်နေသော သူမ၏အမူအရာကို ကြည့်ရာက ချိုချိုသည် ညိုညို၏ ပခုံးများကို အားမလိုအားမရ ဆွဲလှုပ်မိပြန်လေသည်။

"မမ ချိုချို ပြောနေတာတွေကို နားလည်ရဲ့လား။ မမ ဒီလောက်တောင် ချစ်နေတဲ့ ကိုကိုမြင့်နဲ့ နီးရဖို့ ချိုချိုက ဒုတိယတစ်ခါထပ်ပြီး လမ်းဖွင့်ပေးနေတာနော်။ ဒီလိုအခွင့်ကို မမမှုလကျိုလုပ်နေပြန်ရင်ဖြင့် ဒီတစ်ခါတော့ ကျွန်မတို့ကို အဆိုးမဆိုနဲ့တော့။ ဟဲ... ဟဲ။ အခု ကိုမြင့်ဟာ သူ့အခန်းက မမကို စောင့်နေတယ်။ မနက် ၁၀ နာရီကျရင် ရုံးမှာသွားလက်ထပ်ကြဖို့ စီစဉ်ထားတယ်။ အဲဒါ ချိုချို့ကိုယ်စား မမပဲ သွားပေတော့"

ထိုအခါမှ ညိုညိုသည် အစီအစဉ်တကျ စဉ်းစားနိုင်တော့သည်။ ချိုချိုကား သူ့ကို မြင့်ဦးနှင့် နီးရဖို့အတွက် ဒုတိယအကြိမ် လမ်းဖွင့်ပေးလျက် ရှိနေပြန်လေပြီ။ ဒီလမ်းကိုသာ သူမယူလိုက်ရင်တော့ ကိုမြင့်နှင့် ဘယ်တော့မှ နီးရတော့မည်မဟုတ်ပေ။

အို... ဒီတစ်ခါတော့ ဒီအခွင့်အရေးကို သူရအောင်ယူတော့မည်။

"ကဲ... မမ အခွင့်ရတုန်း မမရဲ့ ပျော်ရွှင်မှုကို အမိဖမ်းပေတော့"ဟု ချိုချိုက တိုက်တွန်းလိုက်သည့်အခါ၌ကား ညိုညိုသည် ပျာယီးပျာယာ အသက်ဝင်လာတော့လေ၏။

* * *

ဒါပေမဲ့လည်း မင်္ဂလာအဝတ်အစားများကို ဝတ်လျက် မြင့်ဦး၏ အခန်းဝသို့ ညိုညိုရောက်လာပြန်သည့်အခါ၌ကား သူမ၏ ရင်တွင်းဝယ် စိုးရိမ်မှုများ ပြည့်လျှမ်းလာမိပြန်လေသည်။ သို့ရာတွင် ညိုညိုသည် ဆောက်တည်ရာမရသည့် စိတ်အာရုံတို့ကို မနည်းကြီးချုပ်တည်းကာ တံခါးခေါက်လိုက်လေသည်။ တံခါးသည် ချက်ချင်းပွင့်လာပြီးနောက် ခေါင်းစုတ်ဖွားနှင့် တံခါးဝတွင် ရပ်နေသည့် မြင့်ဦးကို တွေ့ရလေသည်။ ဤတွင် သူမတစ်ကိုယ်လုံးသည် တဆတ်ဆတ်တုန်ရီနေသည်ဟု ထင်မိလေ၏။

"ဟင်... ညိုညိုပါလား။ ချိုချိုကော မလာသေးဘူးလား။ ၁၀ နာရီထိုးခါနီးနေပြီ နောက်ကျနေတော့မယ်"

သည်လိုပင် ပြောလိုက်သော်လည်း မြင့်ဦးသည် သူကိုယ်တိုင်က ဘာမှ ပြင်ဆင်ထားခြင်းမရှိသေးသည်ကို ညိုညိုတွေ့ရလေသည်။ သူထိုင်နေသော ကုလားထိုင်ဘေးမှ စားပွဲပေါ်တွင်လည်း ဆေးလိပ်ပြာပန်းကန်ထဲ၌ စီးကရက်တိုများကို တွေ့ရှိရခြင်းထောက်၍ မြင့်ဦးမှာ စဉ်းစားခန်းဝင်နေခဲ့ကြောင်းကို ထင်ရှားစေလေ၏။ ညိုညိုကား အနည်းငယ်အားတက်လာမိလေ၏။

"ချိုချို မလာတော့ဘူးတဲ့"ဟု ပြောပြီး သူ၏ ရင်တွင်းဝယ် ရှိသမျှတို့ကို အထင်းသားဖော်ပြနေသည့် မျက်လုံးအစုံနှင့် မြင့်ဦးအား မော်ကြည့်လိုက်လေ၏။

"ကိုမြင့်ကို တောင်းပန်ဖို့ လာခဲ့တာပါ ကိုမြင့်ရယ်။ ညို မရှက်နိုင်တော့ဘူး"

"ညို... ညို တကယ်ပြောနေတာလား ဟင်။ ကိုမြင့်ခေါ်ရာနောက်ကို ဘယ်သူ့မှ မငဲ့ဘဲ လိုက်နိုင်မယ်လား" ဟု မယုံကြည်နိုင်သေးသလို ထပ်မေးနေပြန်လေ၏။

"အို... တကယ်ပြောနေတာပါ ကိုမြင့်ရဲ့။ ညို ဘယ်သူ့ကိုမှ ငဲ့မနေနိုင်တော့ပါဘူး။ လောကမှာ ညို့အတွက် အရေးအကြီးဆုံး အို... အချစ်ဆုံးဟာ ကိုမြင့်ပါပဲ။ ကဲ... ယုံပြီလား ကိုမြင့်"

ခေါင်းကလေးကို တဆတ်ဆတ်ညိတ်လျက် ညိုညိုက ယင်းသို့ပြောလိုက်သည့်အခါတွင်ကား မြင့်ဦးသည် သူ့ခြေရင်းတွင် ထိုင်နေသော ညိုညိုအား ဆွဲထူလျက် ကိုယ်လုံးကလေးကို ရင်ခွင်ထဲတွင် ဆွဲယူပွေ့သွင်းလိုက်လေ၏။

"ညို ကိုမြင့်ညို့ကို ချစ်ရက်ပါပဲကွယ်။ ညိုကတော့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ကို အစ်မက ညီမကို လွယ်လွယ်ကူကူ ပြောင်းချစ်နိုင်တယ်လို့ အထင်သေးမိမှာပဲ။ အမှန်တော့ ကိုမြင့်စိတ်ရင်းထဲမှာ ချိုချို့အပေါ် ဘယ်လိုမှ သဘောမထားခဲ့ပါဘူး။ ညိုညိုက ကိုမြင့်ခေါ်ရာကို မလိုက်နိုင်တော့ဘူးလို့ ငြင်းလိုက်တော့ ကိုမြင့်အတော့်ကို စိတ်ပျက်မိခဲ့တယ်။ ဒါလောက်တောင် ဖြစ်လှတာ အကြောင်းပြလိုက်ဦးမယ်လို့ မခံချင်တဲ့စိတ်နဲ့ ဒီလိုလုပ်မိတာပဲ။ ဒါမှလည်း ညိုဟာ ကိုမြင့်ဘက်ကို ပြန်စိတ်လည်လာမယ်လို့ ယုံကြည်ခဲ့တယ်။ ပြီးတော့လည်း ငါဒီလိုလုပ်တာ ညိုညို့အပေါ် တရားပါ့မလားလို့ လုပ်ခဲ့မိတဲ့အလုပ်ကို ပြန်နှောင်တရနေမိခဲ့တယ်။ ခုတော့ ဟန်ကျသွားတာပေါ့"

မြင့်ဦးသည် စကားကို အဆုံးသတ်လိုက်ကာ မျက်လုံးဝိုင်းကလေးများနှင့် နားထောင်နေသည့် ညိုညိုအား ငုံ့ကြည့်လိုက်လေသည်။

"ညို... ကိုမြင့်ပြောတာတွေကို ယုံရဲ့လား"

"ယုံပါတယ် ကိုမြင့်ရယ်... ယုံပါတယ်"

ညိုညိုသည် ပြန်ဖြေလိုက်ပြီးနောက် ချစ်သူ၏ ရင်ခွင်တွင်းသို့ မျက်နှာကလေး အပ်ထားလိုက်လေ၏။ သူ၏ ရင်တွင်းဝယ်ကား ဆုံးရှုံးရတော့မည့် ရတနာကို အချိန်မီ ပြန်ကောက်ရရှိသူကဲ့သို့ ကျေနပ်နှစ်သိမ့်မှု အရှိန်တို့ကို တဖိန်းဖိန်း ခံစားနေရလေသတည်း။

BURMESE CLASSIC .com

❖

အတွဲ–၂၊ အမှတ်–၁၈၊ ၁၉၄၈၊ နိုဝင်ဘာ၊
ရှုမဝ မဂ္ဂဇင်း

www.burmeseclassic.com